# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၂)


# မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် မလွဲမသွေတည်ဆောက်နိုင်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ ဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၃

ပြည်တွင်းဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရန်၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်အထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ စာမျက်နှာ ၃ ကော်လံ ၁

**ယနေ့ ဖတ်စရာ**


ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း — ဥပဒေကြမ်း > စာ > ၇

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း — ဥပဒေကြမ်း > စာ > ၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော်ရေးရာ > စာ > ၉

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း — ဥပဒေကြမ်း > စာ > ၈

ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့ — ဆောင်းပါး > စာ > ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော်ရေးရာ > စာ > ၁၁


## မိုးတိမ်တောင်ရွေ့လျားရာ နေရာတစ်လျှောက် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူ ပါရှိလာသည့် စာမျက်နှာ ၂ ကော်လံ ၃

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ စာမျက်နှာ ၂ ကော်လံ ၅








နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။



ဦးလင်းမြတ် ဆွေးနွေးတင်ပြစဉ်။



ဦးစိုးလှိုင်ဦး ဆွေးနွေးတင်ပြစဉ်။



ဦးဇေယျာညီညီထွန်း ဆွေးနွေးတင်ပြစဉ်။



ဒေါ်သီရိရတနာလှိုင် ဆွေးနွေးတင်ပြစဉ်။



ဦးနိုင်အောင်ရန် ဆွေးနွေးတင်ပြစဉ်။



ဦးလှမျိုး ဆွေးနွေးတင်ပြစဉ်။

❑ *ရှေ့ဖုံးမှ*

ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့ အပါအဝင် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များမှ လုပ်ငန်းရှင်များက အသီးသီးတင်ပြဆွေးနွေး**

ဦးစွာ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဝါလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များမှ ဆွေးနွေးပွဲရလဒ်များအား တင်ပြကြရာတွင် ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့နှင့် ဝါစေ့ကြိတ်ခွဲရောင်းချသူအစုအဖွဲ့များကိုယ်စား ဦးလင်းမြတ်က ဝါမျိုးစေ့များအဆင့်အတန်းမီပြီး အရည်သွေးကောင်းဝါဂွမ်းနှင့် ချည်ထည်များထုတ်လုပ်နိုင်စေရန်အတွက် တစ်နိုင်တစ်ပိုင်ထုတ်လုပ်နေသည့်အစား ဌာန၊ တောင်သူ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများပူးပေါင်း၍ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်မှု၊ အရည်အသွေးကောင်းဂွမ်းများ Grade A,B ရရှိနိုင်မည့် ပြည်ပဝါစပ်မျိုးများအား ရေတိုအနေဖြင့် တင်သွင်းရန်နှင့် ရေရှည်အနေဖြင့် မိဘမျိုးရင်းများအား တင်သွင်းပြီးပြည်တွင်း၌ထုတ်လုပ်ဖြန့်ဖြူးသွားရန် လိုအပ်မှု၊ ဝါကြိတ်စက်လုပ်ငန်းများနှင့် ဝါစေ့ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများထုတ်ချေးပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဝါစိုက်တောင်သူအစုအဖွဲ့မှ ဦးစိုးလှိုင်ဦးက ဝါစိုက်တောင်သူများအနေဖြင့် ပြည်တွင်းမျိုးဖြစ်သည့် ရွှေတောင်(၁၀)နှင့် ပြည်ပစပ်မျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ စက်သုံးဆီ၊ စက်ငှားခတို့ကို အပြည့်အဝထည့်သွင်းနိုင်ရေးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးစေလိုမှု၊ စိုက်ပျိုးရေအလုံအလောက်ရရှိနိုင်ရေးအတွက် စဉ့်ကိုင်မြို့နယ်တွင် ဆိုလာရေတင်စနစ်များ ဆောင်ရွက်ပေးစေလိုမှု၊ မြစ်သားမြို့နယ်တွင် ကင်းတားရေပေးအလှည့်ကျစနစ်အား ဒီဇင်ဘာလအထိ တိုးမြှင့်ပေးစေလိုမှု၊ ပခုက္ကူမြို့နယ်တွင် မြေအောက်ရေရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ဝါဈေးနှုန်းကို ဆန်စပါးကဲ့သို့ အခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်ပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့နှင့် ဝါဂွမ်းနှင့် ချည်ထည်ထုတ်လုပ်သူ အစုအဖွဲ့များကိုယ်စား ဦးဇေယျာညီညီထွန်းက ပြုပြင်ရန်လိုအပ်သည့် ပြည်တွင်းဝါကြိတ်စက်များအတွက် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စက်အရန်ပစ္စည်းများအား ပြည်ပမှ မှာယူတင်သွင်းခွင့်ရရှိရေး ပံ့ပိုးပေးစေလိုမှု၊ ချည်မျှင်ထုတ်လုပ်သည့် နည်းပညာမြင့်ခေတ်မီစက်များ တင်သွင်းခွင့်ပြုပေးစေလိုမှု၊ ချည်မျှင်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းများ ပို့ချပေးစေလိုမှုတို့ကိုလည်းကောင်း။

ဝါချည်နှင့် ပိတ်ရက်လုပ်သူအစုအဖွဲ့နှင့် ဝါချည်မှ ပုဆိုး၊ လုံချည်၊ တဘက်၊ စောင်၊ အိပ်ရာခင်းထုတ်လုပ်သူအစုအဖွဲ့များကိုယ်စား ဒေါ်သီရိရတနာလှိုင်က လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့် ပိတ်လိပ်များအား ဈေးကွက်လိုအပ်ချက်အတိုင်း ပြည်တွင်း၌ပင် ထုတ်လုပ်ပေးစေလိုမှု၊ ပိတ်လိပ်ကုန်ချောထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသည့် ဓာတ်ဆေး၊ ဆိုးဆေးကုန်ကြမ်းများအား တင်သွင်းခွင့်ရရှိလိုမှုနှင့် ခေတ်မီအဆင့်မြင့်ဆိုးဆေးစက်ရုံများ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်ပိုင်ဆိုးဆေးစက်ရုံများမှ ဆေးဆိုးပြီး ပိတ်များအား ရောင်းချပေးစေလိုမှု၊ ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရန်နှင့် ပြည်ပဈေးကွက်များ ချိတ်ဆက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းသည် မြန်မာတို့၏ မိရိုးဖလာလက်မှုပညာရပ်တစ်ခုဖြစ်သည့်အတွက် "မြန်မာနိုင်ငံအမျိုးသားရက်ကန်းနေ့" အား သတ်မှတ်ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဖိုးပြုံးချိုအထည်ချုပ်စက်မှ ဦးနိုင်အောင်ရန်က ချည်မျှင်ထုတ်လုပ်သည့်စက်ရုံများအတွက် တည်ငြိမ်လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ရင်းနှီးမတည်ငွေများထုတ်ချေးပေးစေလိုမှုနှင့် ပြည်တွင်းထုတ် ဝါအရည်အသွေးများ တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ ကိန္နရီဆေးဆိုးပန်းရိုက်အထည်ချုပ်လုပ်ငန်းမှ ဦးလှမျိုးက ဝါမှ အထည်ချောအထိထုတ်လုပ်သည့် ကွင်းဆက်လိုအပ်ချက်အတွက် ဒေသတွင်းချည်မျှင် ထုတ်လုပ်သည့်စက်(Spinning mill) တည်ထောင်လိုမှုနှင့် လိုအပ်သည့်အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာအခက်အခဲများအား နိုင်ငံတော်မှ ကူညီ ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ပြောကြား**

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးဇော်သိန်း၊ ဒေါက်တာ ချာလီသန်းတို့က "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲတွင် အစုအဖွဲ့များနှင့် ဆွေးနွေးမှုများအရ ဝါမျိုးစေ့ထုတ်လုပ်ခြင်း၊ ဝါစိုက်ပျိုးခြင်း၊ ဝါစေ့ဆီထုတ်လုပ်ခြင်း၊ ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်း စသည်ဖြင့် ကွင်းဆက်တစ်ခုလုံးတွင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များအား လိုအပ်သည့် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည့် အခြေအနေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝါလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ ပြည်တွင်း၊ ပြည်ပလေ့လာရေးသင်တန်းများ၊ စက်ပစ္စည်းနှင့်နည်းပညာများ၊ လူသားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိမှုအခြေအနေများနှင့် အခြားလိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဝါနှင့် ဝါထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကြုံတွေ့နေရသည့်အခက်အခဲများကိုလည်းကောင်း ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**လိုအပ်သည်များ ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်လမ်းညွှန်အမှာစကားပြောကြားရာတွင် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များ၏ ဆွေးနွေးချက်များအရ နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ တောင်သူများအပိုင်းမှ လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ထုတ်လုပ်သူများအပိုင်းမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များဟူ၍ တွေ့ရှိရကြောင်း၊ အဓိကအားဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဖြင့် နိုင်ငံတော်၏စီးပွားရေးကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို ထိထိရောက်ရောက် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေး ယခုဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေလိုခြင်းကြောင့် ဆွေးနွေးဆောင်ရွက်စေခြင်းဖြစ်ပြီး ဝါနှင့်ပတ်သက်၍ နိုင်ငံတော်တွင် ပထမဆုံးဆောင်ရွက်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ဝါစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုများ မှန်မှန်ကန်ကန်ဖြစ်ရန်နှင့် စိုက်ဧကများ မှန်ကန်ရန်လိုသကဲ့သို့ စာရင်းဇယားများလည်း မှန်ကန်ရန်လိုကြောင်း၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါစိုက်ဧကများတည်ငြိမ်မှုရှိရန်နှင့် အထွက်နှုန်းများကောင်းမွန်နေရန်လိုကြောင်း၊ ဝါမျိုးကောင်းများ စိုက်ပျိုးနိုင်မည်ဆိုပါက အရည်အသွေးကောင်းမွန်သည့် ချည်မျှင်များရရှိမည်ဖြစ်သဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး မိမိအနေဖြင့် အမြဲအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဝါမျိုးများရရှိစေရေး ပြည်တွင်း၌ သုတေသနပြုထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပမှလည်း မှာယူတင်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်ဝါမျိုးများကို အပြည့်အဝထုတ်လုပ်နိုင်ရန်လိုပြီး အရည်အသွေးများ တည်ငြိမ်ကောင်းမွန်နေစေရေး အမြဲသုတေသနပြု သုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း လေးသွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ဝါမျိုးများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ ဝါစိုက်တောင်သူအစုအဖွဲ့များကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေပြုပြင်ခြင်းနှင့်ပတ်သက်၍ သဘာဝဓာတ်မြေဩဇာများ အသုံးပြုလျက်ရှိသကဲ့သို့ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့်လည်း မြေပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူကျွဲ၊ နွားမွေးမြူခြင်းများမှရရှိသည့် နွားချေးများကိုလည်း သဘာဝဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများဖြင့် သဘာဝဓာတ်မြေဩဇာများပြုလုပ်၍လည်းအသုံးပြုနိုင်ကြောင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ စနစ်တကျထည့်သွင်းပေးခြင်းဖြင့်လည်း အထွက်နှုန်းများ တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရာတွင်လည်း နည်းစနစ်တကျနှင့်အညီ စိုက်ပျိုးသွားမှသာလျှင် အထွက်နှုန်းများ တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဝါနှင့်ပတ်သက်၍ ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပဈေးကွက်များကို စနစ်တကျသုတေသနပြုလုပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဝါစိုက်ပျိုးသည့်နိုင်ငံများရှိသကဲ့သို့ ဝါတင်သွင်းသည့်နိုင်ငံများလည်း များစွာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း ဝါလိုအပ်ချက်များရှိသဖြင့် အမျိုးအစားကောင်းသည့် ချည်မျှင်ရှည်ဝါများ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး စက်ရုံ၊ အလုပ်ရုံများ ဆောင်ရွက်ထားရှိမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော်   ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကောင်းကိုအုပ်စုကုမ္ပဏီလီမိတက်၏ စက်ရုံအတွင်း နှမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

### Magway Hybrid Power Company

ဦးစွာ နိုင်ငံတော်သမ္မတသည် မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီးရှိ Magway Hybrid Power Company သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးတင်မောင်လတ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်ခန်းမတွင် စီမံကိန်းဒါရိုက်တာက Magway Hybrid Power Company ၏ သဘာဝဓာတ်ငွေ့စွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်း ဓာတ်အားပေးစက်ရုံစီမံကိန်း 100 MW (Gas Engine + Solar) Hybrid ဆိုင်ရာအချက်အလက်များ၊ လက်ရှိလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ကောင်းကိုအုပ်စုကုမ္ပဏီလီမိတက်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေး-နေပြည်တော်လမ်း၊ ကံပြားလမ်းဆုံအနီး၊ ငွေးတောက်စမ်းကျေးရွာရှိ ကောင်းကိုအုပ်စုကုမ္ပဏီ လီမိတက်သို့ရောက်ရှိကြရာ ကုမ္ပဏီပိုင်ရှင် ဒေါ်မိုးမိုးမြတ်ကိုက ကုမ္ပဏီဆိုင်ရာ သမိုင်းကြောင်းနှင့် ပြည်ပဈေးကွက်များသို့ ၉၀ ရာခိုင်နှုန်းသန့်စင်ထားရှိသည့် နှမ်းစေ့များ၊ နှမ်းလှော်မှုန့်များ ထုတ်လုပ်တင်ပို့လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်သို့ စားသုံးဆီများဖြန့်ဝေရောင်းချလျက်ရှိမှု၊ စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ကန်ထရိုက်လယ်ယာစနစ်ကျင့်သုံးခြင်းနှင့် GAP သင်တန်းများပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တောင်သူတိုက်ရိုက်အဝယ်စနစ် ကျင့်သုံး၍ တောင်သူများ၏ အကျိုးကိုဖြစ်ပေါ်စေမှု၊ လုပ်ငန်းဆိုင်ရာတွေ့ကြုံရလျက်ရှိသည့် အခက်အခဲများနှင့် အနာဂတ်မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် နှမ်းကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် နှမ်းအထွက်နှုန်းများကောင်းမွန်စေရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မျိုးကောင်းမွန်မှသာလျှင် နှမ်းအထွက်နှုန်းသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ GAP သင်တန်းများပို့ချပေးရာတွင်လည်း စနစ်တကျဖြစ်ရန်လိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များအတွက် နိုင်ငံတော်မှလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း နှမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

### ရွာပင်လှ စိုက်ပျိုးမွေးမြူရေးဇုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ရွာပင်လှကျေးရွာအုပ်စုရှိ ရွာပင်လှစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မွေးမြူရေးဇုန်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရွာပင်လှစိုက်ပျိုးမွေးမြူရေးဇုန်ဆိုင်ရာ အချက်အလက်များနှင့် ဇုန်အတွင်း၌ သမဝါယမအသင်းများစုပေါင်း၍ ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုကို အထောက်အကူဖြစ်ရန်ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးဇုန်ဖော်ထုတ်ဆောင်ရွက်ခဲ့မှုနှင့် မြေအသုံးချမှု၊ စိုက်ပျိုးမည့်သီးနှံပုံစံ၊ စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မကွေးတိုင်းဒေသကြီးအတွင်း၌ ပြောင်း၊ ပဲ၊ ဖွဲ၊ ဆန်ကွဲတို့ ထွက်ရှိသည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ဒေသတွင်း၌ပင် ထုတ်လုပ်သုံးစွဲသွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားပြီး စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စနစ်တကျ လယ်ယာမြေဖော်ထုတ်ထားရှိမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် စပါးမျိုးကွဲများအား ပျိုးထောင်ထားရှိမှုအခြေအနေများ၊ ဥစားကြက်မွေးမြူထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွာပင်လှစိုက်ပျိုးမွေးမြူရေးဇုန်၌ စနစ်တကျ လယ်ယာမြေဖော်ထုတ်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Magway Hybrid Power Company ၏ ဓာတ်အားပေးစက်ရုံစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဝါထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ရက်ကန်းစက်များအဆင့်မြှင့်တင်နိုင်ရေး၊ ခေတ်မီရက်ကန်းစက်များ အသုံးပြုနိုင်ရေးလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်များအလိုက် ချည်ထည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှရင်းနှီးမတည်ငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းမှထွက်ရှိသည့်ဝါများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပဈေးကွက်လိုအပ်ချက်ကို စနစ်တကျတွက်ချက်၍ ဆောင်ရွက်ရန်လိုကြောင်း။

ဝါထုတ်လုပ်မှုတိုးတက်လာစေရေး မိမိအနေဖြင့် ပြည်တွင်း၌ ဝါကြိတ်စက်များထုတ်လုပ်ရန် တပ်မတော်ကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ယခုအခါအရည်အသွေးမီသည့် ဝါကြိတ်စက်ကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ဝါထုတ်လုပ်မှုတိုးတက်စေရေးအတွက် စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ဝါကြိတ်စက်၊ ချည်မျှင်စက်နှင့် ရက်ကန်းစက်များတိုးတက်စေရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်ကတည်းကပင် မမှန်မကန်ဆောင်ရွက်မှုများရှိခဲ့ပြီး ချမှတ်ထားသည့် ဥပဒေသတ်မှတ်ချက်များကို သိရှိနားလည်မှုမရှိခြင်း၊ ချိုးဖောက်ဆောင်ရွက်ခဲ့ခြင်းများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကန့်သတ်ချက်အချို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေနေရာများတွင် အခြားနည်းများဖြင့် အသုံးချခြင်းများမရှိစေရေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုပြီး ခွင့်ပြုချက်များအရ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရာတွင်လည်း စနစ်တကျခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### နိုင်ငံကောင်းအောင် နည်းလမ်းရှာဖွေခြင်းပင်ဖြစ်

**မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် မလွဲမသွေတည်ဆောက်နိုင်ကြောင်း၊ ယခုကျင်းပပြုလုပ်ခဲ့သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့်ဆွေးနွေးချက်များ၊ လိုအပ်ချက်များကိုပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များထွက်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး လုပ်ငန်းများယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊**

ယခုကျင်းပပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲသည် အောင်မြင်သည့် ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့ပြီး နိုင်ငံကောင်းအောင်ဆောင်ရွက်ရန်အတွက် နည်းလမ်းရှာဖွေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကာ ပြခန်းများအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းဘူးမြို့တွင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာနှင့် မီးရထားကွန်ကရစ် စက်ရုံဝင်းအတွင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### တက်ကြွစွာဖြင့် စိုက်ပျိုးနေကြ

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် နှစ်စဉ် ဦးဆောင်ကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီး သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံအဝန်း နေရာဒေသအသီးသီးတွင်လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ပြည်သူလူထု အားလုံး တက်ကြွစွာဖြင့် စိုက်ပျိုးနေကြသည်ကို တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

ပြီးခဲ့သည့်နှစ် မိုးရာသီတွင် မင်းဘူးမြို့နယ်၌ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဒေသခံပြည်သူများနှင့်အတူ ကျင်းပနိုင်ခဲ့ပြီး အပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ယနေ့တွင်လည်း မင်းဘူးမြို့၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဒေသမျိုးရင်း သစ်မျိုး ရှစ်မျိုး၊ အပင်ပေါင်း ၃၀၀၀ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးနှင့် ပြည်သူများအကြား သစ်တောထိန်းသိမ်းရေးအသိပညာများပိုမိုနိုးကြားလာစေရေးအတွက် ရည်ရွယ်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ် မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှု ကွာခြားသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ (၁၃)ခရိုင်ဆိုပါက ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင် ကျဲပါးကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရှိရကြောင်း၊ မကွေးတိုင်းဒေသကြီး၏ သစ်တောဖုံးလွှမ်းမှုသည် ၁၁ ဒသမ ၅၁ ရာခိုင်နှုန်းသာရှိပြီး မင်းဘူးခရိုင်၏ သစ်တောဖုံးလွှမ်းမှုသည် ၁၅ ဒသမ ၆၁ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရကြောင်း။

### ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်

သစ်ပင်သစ်တော ကျဲပါးသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးစာရင်းဝင်နေသည်ကိုတွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်ရှိကြောင်းကို တွေ့ရကြောင်း၊ မြေလတ်ဒေသမြို့ကြီး (၁၂)မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ရှိကြောင်းကို သိရှိရကြောင်း၊ ထို့ကြောင့်လည်း နှစ်စဉ် နွေရာသီတွင် အပူရှောင်စခန်းများ ဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုများကို အပူဒဏ်မှ သက်သာစွာ နားနေစေနိုင်ရေးဆောင်ရွက်ပေးခဲ့ရကြောင်း။

အချို့မြို့နယ်များတွင် ဆိုပါက သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ်များ ဖြစ်နိုင်သည့် လက္ခဏာများဖြစ်သည့် မိုးရွာသွန်းမှုပုံစံ မမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေနည်းပါးခြင်း၊ အပူချိန်အတက်အကျ လွန်ကဲခြင်း၊ အပေါ်ယံ မြေဆီလွှာတိုက်စားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်နေကြရကြောင်း၊ အပင်များ သဘာဝအတိုင်း မျိုးဆက်ပေါက်ရောက်နိုင်မှု မရှိတော့ဘဲ စိုက်ပျိုးနိုင်ရန် ခက်ခဲသောမြေများ၊ ကျောက်ကုန်းများ၊ သဲမြေများအဖြစ် ပြောင်းလဲသွားသည့်ဖြစ်စဉ်များလည်း တွေ့နေရကြောင်း၊ ထို့ကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် အရှိန်အဟုန်မြှင့်တင်ပြီး အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်ကိုလည်း ဒေသခံပြည်သူများက ပထမဦးဆုံးခံစားကြရမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ပူပြင်းသည့် ရာသီဥတုဒဏ်ကို လျော့ပါးသက်သာစေရန် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ သစ်ပင်များ စိုက်ပျိုးခြင်းကြောင့် အရိပ်အာဝါသကောင်းများ ရရှိလာပြီး အပူရှိန်လျော့ပါးလာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေခြင်း၊ လူအများ၏ စိတ်နှလုံးအေးမြစေခြင်း၊ ကျေးငှက်တိရစ္ဆာန်များစွာ နားခိုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသော်လည်း လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း၊ ဝါးလိုအပ်ချက်များ မြင့်မားလာခြင်း၊ ကျေးရွာများ၊ စိုက်ပျိုးမြေများနှင့် မြို့ပြများ ချဲ့ထွင်လာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ တိရစ္ဆာန်များ၏ ဖျက်ဆီးခြင်းစသည့် အကြောင်းရင်းများကြောင့် သစ်တောစိုက်ခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း၊ အကျိုးဆက်အနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပြင်းထန်သည့် ရာသီဥတု သဘာဝဘေးအန္တရာယ်များကို ခံစားလာနေကြရခြင်းပင်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် အယ်လ်နီညို အဆင့်ထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကြောင့် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### သစ်ပင်ရနိုင်သမျှ စိုက်ပျိုးကြ

သစ်ပင်သစ်တောများ များပြားလာပြီး သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး သက်ရှိများကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင် ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်း ရောက်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အလိုက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာ တိုင်းဒေသကြီး တစ်ခုလုံး၏ သစ်တောဖုံးလွှမ်းမှုတိုးလာမည်ဖြစ်သည့်အတွက် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ လမ်းဘေးဝဲ/ယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း စသည်ဖြင့် သစ်ပင်စိုက်၍ရနိုင်သမျှ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့်မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ပြီး လက်ရှိနှင့် အနာဂတ်မျိုးဆက်များကို စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတသည့် ပတ်ဝန်းကျင် အမွေကောင်းကို လက်ဆင့်ကမ်းပေးနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့်သစ်ပင်များကို တစ်ပင်စိုက်လျှင်တစ်ပင် ရှင်သန်အောင်မြင်အောင် ပြုစုထိန်းသိမ်းပြီး မိမိတို့ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များကို အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဘက်စုံအကျိုးကျေးဇူးများ ရရှိနိုင်သကဲ့သို့ နိုင်ငံ၏ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်းလည်းဖြစ်ကြောင်း၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသည့် မူဝါဒကို အလေးထားလိုက်နာပြီး သဲကန္တာရဖြစ်ထွန်းမှုငတိုက်ဖျက်ရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာစေရန် ရာသီဥတုမျှတ ကောင်းမွန်လာစေရန်အတွက် အပူပိုင်းဒေသ (၁၃)ခရိုင် အပါအဝင် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

### ဦးဆောင်စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တမာပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

*စာမျက်နှာ ၆ သို့*



ဒေသခံပြည်သူများ၊ အခမ်းအနား တက်ရောက်လာကြသူများက သစ်ပင်များကို စိုက်ပျိုးကြစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အခမ်းအနားတက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

ထိုသို့ ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာနှင့် မီးရထားကွန်ကရစ် စက်ရုံဝင်းအတွင်း၌ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၁၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ခရေ၊ ရင်းမာ၊ ပိတောက်၊ မဲဇလီ၊ တမာ၊ သဘော်၊ ကုက္ကိုနှင့် ဖျောက်ဆိပ် စသည့် သစ်မျိုးစုစုပေါင်း ရှစ်မျိုး၊ အပင်အရေအတွက် ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာရှိ မင်းလှ-မင်းဘူး ရထားလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများ ပိုမိုအဆင်ပြေစေရေးအတွက် ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေး ပြန်လည်သုံးသပ်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါပြီး မင်းဘူးမြို့ ကမ်းနားလမ်း ပြန်လည်ထိန်းသိမ်းဖောက်လုပ်မည့်နေရာသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကမ်းနားလမ်းတစ်လျှောက် လိုအပ်သည့် မြစ်ကမ်းပါးထိန်းနံရံများနှင့် တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ထိန်းသိမ်းရန်၊ ကမ်းနားလမ်းကို စနစ်တကျ ပြန်လည်ဖောက်လုပ်သွားရန်နှင့် ကမ်းနားလူနေရပ်ကွက်များ စနစ်တကျဖြစ်စေရေး Town Plan ဖြင့် စနစ်တကျ သုံးသပ်ဆောင်ရွက်သွားရန် မှာကြားသည်။ **သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ ကမ်းနားလမ်း ပြန်လည်ထိန်းသိမ်းဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ရမည့် ဥပဒေများအား အမြန်ဆုံးပြန်လည်ဆန်းစစ်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-4) ရှိ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှမင်းက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တာဝန်များထမ်းဆောင်ရာတွင် လိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ကော်မတီများ၏လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လုံခြုံမှုရရှိရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်သည် ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ လွှတ်တော်များ ခိုင်မာအားကောင်းစေရေးအတွက် အဓိကလုပ်ဆောင်ပေးရမည်မှာ ကော်မတီများပင်ဖြစ်ပါကြောင်း၊ ကော်မတီသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်လုပ်ငန်းကို ခိုင်မာအားကောင်းရန် အထောက်အပံ့ပေးသော အဓိကဒေါက်တိုင်များပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ရမည့် ဥပဒေများအား အမြန်ဆုံးပြန်လည်ဆန်းစစ်သွားရန်လိုပါကြောင်း၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ ချောချောမွေ့မွေ့ဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ အခြေအနေမှန်များ သိရှိအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းမှ ထွက်ပေါ်လာသော မေးခွန်းနှင့် အဆိုများကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီအနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျသောအစီအမံများဖြင့် Safe Zone၊ Safe City များ ဖြစ်ပေါ်လာရေး မြို့ရွာဒေသများတွင် ရာဇဝတ်မှုများလျော့ကျရေး လုပ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်သွားရန်လိုပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေး မိမိတို့လွှတ်တော်တွင် မေးခွန်းများ၊ အဆိုများတင်သွင်းခြင်း လုပ်ဆောင်နိုင်ရေးကော်မတီမှ ကြိုးစားပေးစေလိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မည့် အဖွဲ့အစည်းများအနေဖြင့် Professional ဖြစ်စေရေး လိုအပ်မည့်အစီအမံများ ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ တရားဥပဒေကို နိုင်ငံသားတိုင်းလေးစားလိုက်နာပြီး ဥပဒေနှင့်အညီနေထိုင်နိုင်ရေး၊ နိုင်ငံသားတိုင်း ကျင့်ဝတ်စည်းကမ်းများ ထိန်းသိမ်းရေးအတွက် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ တရားစီရင်ရေးစနစ်များနှင့်ပတ်သက်၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှိသော ပိုမိုကောင်းမွန်သော နည်းလမ်းများအား လွှတ်တော်အနေဖြင့် လေ့လာဆောင်ရွက်သွားကြစေလိုပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသည့် CPU အဖွဲ့များ၏ လက်တွေ့ကျကျဆောင်ရွက်မှုအခြေအနေများအား ညှိနှိုင်းတိုင်ပင်လေ့လာသုံးသပ် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ထိရောက်ပြီး လုံခြုံတိကျသောနည်းလမ်းများ ရှာဖွေဖော်ထုတ်၍ မိမိတို့လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူကို လုံခြုံမှုအပြည့်အဝ အာမခံမှုပေးနိုင်သော တရားဥပဒေစိုးမိုးရေးစနစ်တစ်ခုဖြစ်ပေါ်လာရေး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီအဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ လွှတ်တော်အစည်းအဝေးကျင်းပပုံများကို လာရောက်လေ့လာသည့် မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)နှင့် အမိမြေသစ္စာ သတင်းမီဒီယာအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C) ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# အိမ်သုံးဆိုလာများ လွှဲပြောင်းထောက်ပံ့ပေးခြင်း အခမ်းအနားကျင်းပ

**တောင်ကြီး ဇူလိုင် ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် မဲခေါင် - ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ Quick Impact Project အရ ရှမ်းပြည်နယ် အင်းလေးဒေသ ငလျင်ဒဏ်သင့် ကျေးစားကုန်း(မြောက်)ကျေးရွာရှိ အိမ်ထောင်စု ၅၀ အား အိမ်သုံးဆိုလာများ လွှဲပြောင်းထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ အာဘေးသာကူး၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က အမှာစကားပြောကြားကြပြီး အိမ်ထောင်စု ၅၀ အတွက် အိမ်သုံးဆိုလာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အခမ်းအနားတက်ရောက်လာသူများအား အမှတ်တရအထိမ်းအမှတ် တံဆိပ်များပေးအပ်ပြီး အင်းလေးဒေသရှိ ကျေးစားကုန်းကျေးရွာ၌ ဆိုလာတပ်ဆင်ပြီးစီးမှုအခြေအနေကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။ **သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဂ) နိုင်ငံတော်က အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏နောက်တွင် ပုဒ်မခွဲ(ဍ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၁၁–က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် –

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ် ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာ ပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ တစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀–က ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၃၀–က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် –"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ"ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ " ၂ ရက်ကြိုတင်၍" ဆိုသည့်စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့်စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့်ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့ နိုင်ပါသည်။**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) နိုင်ငံတော်က အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခု ခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏ နောက်တွင် ပုဒ်မခွဲ(ဍ) နှင့် (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာ ပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်းဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ် ခံရခြင်း။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၁၁–က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် –

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ–

(၁) မဲအများဆုံးရသူအနိုင်ယူစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကိုအောက်ပါအတိုင်းအစားထိုးရမည် –

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့် ရှိသည်။"

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀–က ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ "ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ "ဆိုသည့်စကားရပ် ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ " ၂ ရက်ကြိုတင်၍ " ဆိုသည့်စကားရပ်ကို " ၃ ရက်ကြိုတင်၍ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " ညနေ ၄ နာရီမတိုင်မီ " *စာမျက်နှာ ၈ သို့*

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၈ ခုနှစ်၊ ရက်

(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) နိုင်ငံတော်က အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏ နောက်တွင် ပုဒ်မခွဲ(ဍ)နှင့် (ဎ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့်မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်းဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၁၁–က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် –

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့အရ မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ –

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း ထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀–က ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ " နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ"ဆိုသည့်စကားရပ်ကို " ညနေ ၅ နာရီ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ " ၂ ရက်ကြိုတင်၍ " ဆိုသည့်စကားရပ်ကို " ၃ ရက်ကြိုတင်၍ " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " ညနေ ၄ နာရီမတိုင်မီ " ဆိုသည့်စကားရပ်ကို " နံနက် ၉ နာရီမတိုင်မီ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈–က ၏နောက်တွင် ပုဒ်မ ၈၈–ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၈၈–ခ။ ကော်မရှင်သည် –

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီ ရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကိုကြေညာရမည်။"

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့ နိုင်ပါသည်။

*စာမျက်နှာ ၇ မှ*

ဆိုသည့်စကားရပ်ကို " နံနက် ၉ နာရီမတိုင်မီ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့်ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈–က ၏နောက်တွင် ပုဒ်မ ၈၈–ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၈၈–ခ။ ကော်မရှင်သည် –

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသောခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကို ကြေညာရမည်။"

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့ နိုင်ပါသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ကျောင်းအဆင့် မြှင့်တင်ပေးနိုင်ရေး၊ အစိုးရနည်းပညာကောလိပ်/သိပ္ပံ ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံ တိုးမြှင့်ပေးနိုင်ရေး၊ ကျန်းမာရေး ဝန်ထမ်းများ ပြည့်မီစွာခန့်ထားပေးရေး၊ ကျောက်မျက်ဈေးတစ်ခု တရားဝင်ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ဝါးလုပ်ငန်း ပြည်ပဈေးကွက်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်အခါ နေထိုင်မှုအဆင်ပြေစေရန် မြေကွက်များချထားပေးရေး၊ အခွန်လွတ်ဈေးများ ဖွင့်လှစ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ပေးနိုင်ရေး၊ အခြေခံပညာကျောင်းများ လာမည့်ပညာသင်နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရေးနှင့် ဆရာ ဆရာမ အင်အားဖြည့်ဆည်းပေးရေး၊ ကျောင်းဆောင်သစ်များ အပြီးသတ်တည်ဆောက်ပေးနိုင်ရေး တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး၏ **လူငယ်အများအပြား ပြည်ပထွက်ခွာမှု လျော့ချနိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက နိုင်ငံတော်အနေဖြင့် ပြည်တွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်လျက်ရှိသည့်အပြင် MSME လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ဒေသခံပြည်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့် အဓိကကျသော လုပ်ငန်းများဖြစ်၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဖွဲ့စည်း၍ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

CMP လုပ်ငန်းများ ရေရှည်တည်တံ့အောင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဦးစားပေးဖိတ်ခေါ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ GTI အဆင့်ရှိ ကျောင်းအား GTC အဆင့်သို့ ပြန်လည်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း Polytechnic University မြစ်ကြီးနားနှင့် ဗန်းမော်၊ အစိုးရစက်မှုလက်မှုသိပ္ပံမိုးညှင်းနှင့် ပူတာအို၊ အစိုးရနည်းပညာအထက်တန်းကျောင်း မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအို၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (မိုးညှင်း) တို့ကို ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

GTI ကျောင်းများ၏ သဘောသဘာဝသည် B.Tech ၏ သဘောသဘာဝနှင့် နှိုင်းယှဉ်ပါက သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် လက်တွေ့ကျွမ်းကျင်ရန် ပိုမိုဦးစားပေးသည့် သဘာဝရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းအရလည်း ပိုမိုအားသာမှုရှိပါကြောင်း။




သို့ဖြစ်ပါ၍ မိုးညှင်းတွင် GTI သင်တန်းများ ဆက်လက်ဖွင့်လှစ်ခြင်းဖြင့် နှစ်စဉ်ကျောင်းသားအရေအတွက် ပိုမိုများပြားစွာ တက်ရောက်နိုင်သည့် အခွင့်အရေးရှိသည့်အပြင် အဆင့်မီပါက B.Tech သင်တန်းနှင့် B.E သင်တန်းများသို့လည်း ဆက်လက်တက်ရောက်နိုင်သည့် အခွင့်အလမ်း စသည့်အားသာချက်များရှိပါသဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ GTI ကျောင်းအား GTC အဆင့်သို့ မြှင့်တင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ကနောင်မြို့တွင် အစိုးရနည်းပညာကောလိပ်/သိပ္ပံ (GTC/GTI) တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ Polytechnic University (မအူပင်) နည်းပညာတက္ကသိုလ်ဟင်္သာတနှင့် ပုသိမ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျိုက်လတ်၊ ဝါးခယ်မနှင့် လပွတ္တာ၊ အစိုးရနည်းပညာအထက်တန်းကျောင်း ပုသိမ်၊ မအူပင်နှင့် ဟင်္သာတ၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဒေးဒရဲ၊ ချောင်းမြောင်း၊စက္ကေဘူ၊ ကျုံပျော်၊ ဂုန်နီ၊ လပွတ္တာ၊ ပုသိမ်နှင့် ဟင်္သာတတို့ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ကနောင်မြို့တွင် အစိုးရနည်းပညာကောလိပ်/သိပ္ပံ (GTC/GTI) တည်ထောင်ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **သံတောင်မြို့သစ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်မှု ရှိ၊ မရှိ ရှိပါကမည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် မရှိပါက အဘယ်ကြောင့်မဖွင့်နိုင်ကြောင်းကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက (၂၅) ခုတင်ဆံ့ သံတောင်မြို့ပြည်သူ့ဆေးရုံသည် ၂၀၂၂ ခုနှစ်တွင် ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာ DCS လုပ်ခဲ့သဖြင့် ဆေးရုံလုပ်ငန်းများရပ်ဆိုင်းသွားခဲ့ရပါကြောင်း၊ နယ်မြေအခြေအနေတိုးတက်လာပြီဖြစ်သော်လည်း ဆေးရုံဝင်းအတွင်း စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန် လိုအပ်နေသေးခြင်း၊ အဆောက်အအုံပြုပြင်မှုနှင့် ဆေးရုံသုံးပစ္စည်းများ စိစစ်ဖြည့်တင်းခြင်းဆောင်ရွက်ရန် လိုအပ်နေခြင်းတို့ကြောင့် ဆေးရုံအား လတ်တလောပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ ဆေးရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်အတွက် ပြည်နယ်အစိုးရ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းနေပါကြောင်း။

သံတောင်မြို့ပြည်သူ့ဆေးရုံ မဖွင့်လှစ်သေးနိုင်သည့်အချိန်အတွင်း သံတောင်မြို့ မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ပြင်ပလူနာများ နေ့စဉ်ကုသနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပေးအပ်ချထားရန် စီစဉ်နေပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ် တမာကုန်းကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သတ်မှတ်ဝန်ထမ်းများ ပြည့်မီစွာခန့်ထားပေးရန်နှင့် မြွေဆေးနှင့် ခွေးရူးပြန် ကာကွယ်ဆေးအပါအဝင် ဆေးဝါးများ ဖြန့်ဝေထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဝမ်းတွင်းမြို့နယ် တမာကုန်း ကျေးလက်ကျန်းမာရေးဌာနသည် ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာတွင်တည်ရှိပြီး ကျန်းမာရေးဝန်ထမ်းအင်အား ခြောက်ဦးဖြင့် ကျေးရွာအုပ်စုပေါင်း ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေ ၆၈၆၆၊ လူဦးရေ ၂၉၀၀၀ ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ အဆိုပါ ကျေးလက်ကျန်းမာရေးဌာနသည် ရန်ကုန်–မန္တလေး လမ်းဟောင်းမှ မိုင်ဝက်ခန့်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ ရာသီမရွေးသွားလာနိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုက်နယ်ဆေးရုံများ အသစ်ဖွင့်လှစ်ခြင်း ဆောင်ရွက်ရာတွင် ဒေသလိုအပ်ချက်၊ လက်ရှိကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်နိုင်မှုအခြေအနေ၊ ဝန်ကြီးဌာန၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်တို့အပေါ် မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တမာကုန်းကျေးလက်ကျန်းမာရေး ဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ရန် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း။

ဝမ်းတွင်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆရာဝန် ၃ ဦး၊ သူနာပြု ၁၀ ဦး၊ ကျွမ်းကျင်နှင့် အခြားဝန်ထမ်းများ ၂၄ ဦး၊ မြို့နယ်အတွင်းတွင် အောင်ချမ်းသာ၊ နေပူကုန်း၊ ညောင်အုပ်ဖီး၊ ပင်းတလဲ တိုက်နယ် ဆေးရုံ လေးရုံရှိပြီး တိုက်နယ်ဆေးရုံတိုင်းတွင် ဆရာဝန် တစ်ဦးစီ တာဝန်ထမ်းဆောင်လျက်ရှိပြီး ယင်းတိုက်နယ်ဆေးရုံများတွင် သူနာပြု ၁၄ ဦး၊ အခြားဝန်ထမ်း ၁၅ ဦးတို့လည်း တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအရ သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးကြီးကြပ် တစ်ဦး စုစုပေါင်း နှစ်ဦး ရှိရမည်ဖြစ်သော်လည်း အခြေအနေအရ အချို့သော ဌာနခွဲများတွင် အနည်းဆုံး တစ်ဦးစီရှိရန် ဆောင်ရွက်ပေးနေပါကြောင်း၊ လက်ရှိတွင် မြွေဆိပ်ဖြေဆေးအနေဖြင့် ဝမ်းတွင်းမြို့နယ် ဆေးရုံတွင် ၈၅ လုံး၊ တိုက်နယ်ဆေးရုံလေးရုံတွင်၁၇၀၊ တမာကုန်းကျေးလက်ကျန်းမာရေးဌာနတွင် မြွေဆိပ်ဖြေဆေး နှစ်လုံး၊ ခွေးရူးပြန်ကာကွယ်ဆေးအနေဖြင့် မြို့နယ်ဆေးရုံတွင် ၅၀၊ တိုက်နယ်ဆေးရုံ လေးရုံတွင် အလုံး ၁၀၀ လက်ကျန်ရှိနေပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့တွင် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ဈေးတစ်ခု တရားဝင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သည် မန္တလေးမြို့တွင်ရှိသည့် ကျောက်မျက်အချောထည်ဈေးနှင့် မဝေးခြင်း၊ လွယ်ကူစွာသွားလာ၍ရခြင်း၊ စစ်ကိုင်းမြို့တွင် ငွေကျင်သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ လုံခြုံရေးပြန်လည်စိုးမိုးသည့် ဒေသများတွင် အုပ်ချုပ်ရေးယန္တရားနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်လျက်ရှိခြင်းတို့ကြောင့် လတ်တလောအခြေအနေတွင် ကျောက်မျက်ဈေးတစ်ခုပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **ဝါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထုတ်ယူဆောင်ရွက်နေမှုတို့တွင် နိုင်ငံခြားဈေးကွက်နှင့် နိုင်ငံခြားငွေရရှိမှုများ သိလိုခြင်းနှင့် MSME စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားဈေးကွက်ရရှိရန် ဝန်ကြီးဌာနများမှ ဈေးကွက်ရှာဖွေပေးမှုနှင့် ပူးပေါင်းကူညီဆောင်ရွက်နေမှုအခြေအနေတို့ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပေါက်ရောက်ပါကြောင်း၊ ဝါးသယံဇာတစာရင်းအရ နှစ်စဉ်ခွင့်ပြုတောထွက်ပမာဏအရ ဝါးအလုံးရေ ၃၁၈ ဒသမ ၃၂၅ သန်း ထုတ်လုပ်နိုင်ပါကြောင်း၊ ဝါးစိုက်ခင်းများကို ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ် မှ စတင်ခွင့်ပြုခဲ့ပြီး ၂၀၂၆ ခုနှစ် ဇွန်လအထိ ပုဂ္ဂလိကစက်မှုကုန်ကြမ်း ဝါးစိုက်ခင်း ဧက ၄၈၁၅ ဒသမ ၅ ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ဝါးနှင့် ဝါးထုတ်ကုန်ပစ္စည်းများကို အိန္ဒိယ၊ ပါကစ္စတန်၊ စင်ကာပူ၊ အီတလီနှင့် တရုတ် စသည့်နိုင်ငံများသို့ တင်ပို့ခဲ့ရာ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် မေလကုန်အထိ ဝါးခြမ်းစိတ်၊ ဝါးလုံး၊ ဝါးဖျာ၊ အမွှေးတိုင်၊ ဝါးယင်းလိပ်စသည့် ဝါးထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၅၆၃၄၆ ဒသမ ၃၀ ကို ရရှိခဲ့ပါကြောင်း။

MSME ထုတ်ကုန်များအား ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ပြည်ပရှိ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ခြင်း၊ ပြည်တွင်း လက်လီ/လက်ကားဖြန့်ဖြူးသူများနှင့် ချိတ်ဆက်ပေးခဲ့ပါကြောင်း၊ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များအတွက် လိုအပ်သည့် စက်မှုကုန်ကြမ်းများရရှိရေး၊ စက်ပစ္စည်းကိရိယာများရရှိရေးနှင့် ပြည်ပဈေးကွက် ချိတ်ဆက်ရရှိရေးတို့အတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်အခါ နေထိုင်ရေးအဆင်ပြေစေရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြေကွက်များ ဖော်ထုတ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မြေကွက်ဖော်ထုတ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါက *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

နေထိုင်ရန်အခက်အခဲရှိသည့် လုပ်သက်ရှည်လျားပြီး မြေကွက်မရရှိသေးသော ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားသူများ၊ အငြိမ်းစားယူရန် နီးကပ်နေသော ဝန်ထမ်းများ၊ အခြေခံလစာနည်းပါးသော်လည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **အခွန်လွတ်ဈေးများဖွင့်လှစ်ရန်နှင့် ဒေသထွက်ကုန်များ သယ်ယူရာတွင် ငွေကြေးကောက်ခံသည့်နေရာများ လျော့နည်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စည်ပင်သာယာရေးကော်မတီပိုင်ဈေး ၃၈ ဈေးတွင် ဒေသထွက်ကုန်ပစ္စည်းများကို မည်သူမဆို လွတ်လပ်စွာ ရောင်းချနိုင်ရန် ပျံ့ကျနေရာများ အခမဲ့စီစဉ်ဆောင်ရွက်ပေးထားပြီး အဆိုပါနေရာများတွင် လာရောက်ရောင်းချသည့် ဈေးသည်များကို ကုန်ပစ္စည်းများရောင်းချခြင်းအတွက် အကျယ်အဝန်းအလိုက် သင့်တင့်သောနှုန်းထားများဖြင့် နေ့စဉ်ပျံ့ကျဈေးကောက်တစ်မျိုးတည်းသာကောက်ခံပြီး နံနက်ဈေး၊ ညဈေးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အခွန်လွတ်ဈေးသီးသန့် ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မှုမရှိပါကြောင်း။

ကရင်ပြည်နယ်အနေဖြင့် ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဟင်းသီးဟင်းရွက်၊ အသား/ငါးများအား ဝယ်ယူနိုင်ရေးအတွက် အခွန်လွတ်ဈေးများအား အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနေ့တို့တွင် ဘားအံမြို့၌ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ ရောင်းချသည့် တောင်သူလယ်သမားဈေးအား အပတ်စဉ် အင်္ဂါ၊ စနေနေ့များတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ဟင်းသီးဟင်းရွက်နှင့် အခြားထွက်ကုန်ပစ္စည်းများကို ရောင်းချရန် ပျံ့ကျဈေးရုံများ ဆောက်လုပ်၍ ရောင်းချခွင့်ပြုလျက်ရှိပါကြောင်း၊ ဈေး၏သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအတွက် လုပ်အားခကုန်ကျစရိတ်မျှသာဖြစ်သဖြင့် ဈေးသည်များ ဈေးကောက်နှုန်းထားအရ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့်အပြင် ဈေးသန့်ရှင်းသာယာလှပရေးကိုလည်း ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ သီးသန့်အခွန်လွတ်ဈေးအဖြစ် ထားရှိမည်ဆိုပါက ဈေးအတွက် ရန်ပုံငွေလိုအပ်မည်ဖြစ်ပါသောကြောင့် အခွန်လွတ်ဈေးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၈ မြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေးမြူသူများကို အခွန်ငွေကြေး ကောက်ခံမှုမရှိဘဲ အခွန်လွတ်ဈေးနေရာ သတ်မှတ်ပေးပြီး သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချစေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ စားသုံးသူပြည်သူများကို ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရောင်းချသူများအတွက် အခွန်လွတ်ဈေးများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း အချိန်၊ နေရာ၊ ရက် သတ်မှတ်၍ စနစ်တကျဖွင့်လှစ်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အနေဖြင့် မြို့နယ်အလိုက်ရောင်းချပေးသည့် ဈေးနေရာနှင့် ရက်သတ်မှတ်၍ ဈေးကောက်ကောက်ခံခြင်းမရှိဘဲ အခမဲ့ရောင်းချခွင့်ပြုပြီး တစ်ပတ်လျှင် နှစ်ရက် ရောင်းချပေးသော မြို့နယ် ငါးခုနှင့် တစ်ပတ် တစ်ရက်ဖွင့်လှစ်ရောင်းချပေးသော မြို့နယ် ငါးခုရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရွှေပြည်သာမြို့နယ် ရွှေပြည်သာ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ်လှိုင်သာယာအခွန်လွတ်ဈေး၊ မရမ်းကုန်းမြို့နယ် ဂန္ဓမာအခွန်လွတ်ဈေး၊ တာမွေမြို့နယ် တာမွေအခွန်လွတ်ဈေး၊ ဒဂုံမြို့နယ် ပန်တျာအခွန်လွတ်ဈေး၊ ကမာရွတ်မြို့နယ် ဟံသာဝတီအခွန်လွတ်ဈေး စသည့် အခွန်လွတ်ဈေးများတွင် ဆိုင်ခွန်၊ ဆိုင်ခများ၊ နှစ်စဉ်မှတ်ပုံတင်ကြေးများ ကောက်ခံခြင်းမပြုဘဲ ပြည်သူများအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၃၀ မြို့နယ်၌ အခွန်လွတ်ဈေး ၃၀ ဖွင့်လှစ်ခဲ့ပြီး အခွန်လွတ်ဈေးများတွင် ဒေသထွက်ကုန်ပစ္စည်းများအား ရောင်းချဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူဝါဒလမ်းညွှန်ချက်များခံယူပြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၏ ကြီးကြပ်မှုဖြင့် ယခင်ဖွင့်လှစ်ခဲ့သော အခွန်လွတ်ဈေးများအား လာမည့်ပွင့်လင်းရာသီမှစတင်ပြီး ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်အနေဖြင့် မြို့ပြများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေ များပြားလာခြင်း၊ လူနေထိုင်ရန်နေရာများ တိုးချဲ့လာခြင်းတို့အပေါ် မြေနေရာအခက်အခဲရှိပါသဖြင့် အခွန်လွတ်ဈေးများဖွင့်လှစ်ရန်အတွက် သီးခြားနေရာ လတ်တလောသတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် BOT ကုမ္ပဏီများမှ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသောဂိတ်နှင့် လမ်းဦးစီးဌာနမှ ကောက်ခံသောလမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များသာရှိပြီး အခြားငွေကြေး ကောက်ခံသည့် ဂိတ်များမရှိပါကြောင်းနှင့် စစ်ဆေးရေးဂိတ်များတွင် ဒေသထွက်ကုန်ပစ္စည်းများအပေါ် ငွေကြေးလုံးဝ (လုံးဝ) ကောက်ခံခြင်းမရှိပါကြောင်းနှင့် ငွေကြေးကောက်ခံခြင်းမရှိစေရန် တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးကောက်ခံခြင်းများရှိပါက နိုင်ငံတော်၏ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဌာန/တပ်ဖွဲ့များမှ သတ်မှတ်ထုတ်ပြန်ထားရှိသော ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့ဖြင့် အရေးယူခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြင်းခြံ - မြစ်သားလမ်းနှင့် ဆက်သွယ်ထားသော ခရိုင်ပတ်လမ်း (၂) နွားလျှာရိုးကျေးရွာအထိအား ကွန်ကရစ်လမ်း (သို့) ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြစ်သားမြို့နယ်ရှိ မြင်းခြံ-မြစ်သားကတ္တရာလမ်းမှ နွားလျှာရိုးရွာအထိ ဆက်သွယ်ထားသည့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တစ်မိုင် လေးဖာလုံအား မြေသားလမ်းချဲ့ခြင်းနှင့် မြေနီခင်းခြင်းကို ဦးစွာလျာထားမည်ဖြစ်ပါကြောင်း၊ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် စော်ရဲ-ဝန်ပတေ့ (တောင်) - ဝန်ပတေ့ (မြောက်) တာပေါင်ပေါ်၌ မြေကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စဉ့်ကိုင်မြို့နယ်၊ စော်ရဲ-ဝန်ပတေ့ (တောင်) - ဝန်ပတေ့ (မြောက်) ကျေးရွာချင်းဆက်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးကြာအင်းလမ်းနှင့် တော်လတီ၊ ကလော့သော့၊ စံကင်းလမ်း(၂)လမ်းအား ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီး - ကြာအင်းလမ်းနှင့် တော်လတီ - ကလော့သော့ - စံကင်းလမ်း (၂) လမ်းအား ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတားမှာ တိုက်ကြီး - ကြာအင်းလမ်းအဆုံး လှိုင်မြစ်ကမ်းမှ တော်လတီရွာဘက်ကမ်းသို့ ဆက်သွယ်ပေးမည့် တံတားဖြစ်ပြီး တံတားတည်ဆောက်မည်ဆိုပါက ငွေကျပ် ၁၀ ဘီလီယံခန့် ကုန်ကျမည် ဖြစ်ပါကြောင်း။

လက်ရှိအသုံးပြုနေသော လှိုင်မြစ်ကူးတံတားရွာသာတံတား၏ ယာဉ်သွားလာနိုင်မှု လုံလောက်မှုရှိ၊ မရှိ သုံးသပ်ရန် လိုအပ်ပါကြောင်း၊ တော်လတီ-ကလော့သော့ လမ်းဘေးဝဲယာရှိ ကျေးရွာများ၏ လက်ရှိဖွံ့ဖြိုးမှုနှုန်း၊ ကုန်စည်စီးဆင်းမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ တံတားတည်ဆောက်ရန် ကုန်ကျစရိတ်တို့ကို တွက်ဆနှိုင်းယှဉ်ကြည့်ပါက လှိုင်မြစ်ကူးတံတားတည်ဆောက်ခြင်းဖြင့် သိသာထင်ရှားသော အကျိုးရလဒ် နည်းပါးနေ၍လည်းကောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ကြီးမားသော အခက်အခဲများ မရှိနိုင်ပါသဖြင့် အဆိုပါတံတားကို လတ်တလော တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇလွန်မဲဆန္ဒနယ်မှ ဦးလှခိုင်၏ **ဇလွန်မြို့နယ် ကော့ကပ်ကြီးကျေးရွာနှင့် ကော့ကပ်ကလေးကျေးရွာ ချောင်းကူးကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် တည်ဆောက်မပေးမီကာလအတွင်း တံတားဟောင်းအား ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကော့ကပ်ကလေး-ကော့ကပ်ကြီး-ဝါးပတော လမ်းပေါ်ရှိ ချောင်းကူးတံတား (ကေသီပန်တံတား) သည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော တံတားဖြစ်ပါကြောင်း၊ တံတား၏ လက်ရှိအခြေအနေမှာ ရေလယ်တိုင် လေးခုအနက် တစ်ခုမှာ အောက်သို့ ခြောက်လက်မခန့် နိမ့်ကျနေပြီး Wing Wall သုံးဖက်နှင့် မြေကာနံရံ သုံးခုပျက်စီးနေပြီး တံတားချဉ်းကပ်လမ်း နှစ်ဖက်မှာလည်း နိမ့်ကျနေပါကြောင်း။

တံတား၏ ရေလယ်တိုင် လေးခုအနက် တစ်ခု နိမ့်ကျသွားမှုအပေါ် စစ်ဆေးချက်အရ အန္တရာယ်ရှိသည့် အခြေအနေ မဟုတ်သည့်အတွက် ဆက်လက်စောင့်ကြည့်သွားပြီး လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုလောလောဆယ်တွင် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ပျက်စီးနေသော Wing Wall သုံးခု၊ မြေကာနံရံ သုံးခုနှင့် ချဉ်းကပ်လမ်း နှစ်ဖက်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ်ရှိ အခြေခံပညာကျောင်းများအား လာမည့်ပညာသင်နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရန်နှင့်လုံလောက်သော ဆရာ/ဆရာမ အင်အားဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က သီပေါမြို့နယ်အတွင်း အခြေခံပညာထက်ဆင့်သင် ၁၂ ကျောင်း၊ လယ်ဆင့်သင်ကျောင်း ၅၀၊ မူဆင့်သင် ၁၅၁ ကျောင်း စုစုပေါင်း ၂၁၃ ကျောင်းရှိသည့်အနက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထက်ဆင့်သင် ခုနစ်ကျောင်း၊ လယ်ဆင့်သင် ၁၂ ကျောင်း၊ မူဆင့်သင် ၂၆ ကျောင်း စုစုပေါင်း ၄၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု နှောင့်နှေးမှုမရှိစေရေးအတွက် ဒေသလုံခြုံရေးအခြေအနေအရ ပိတ်ထားခဲ့သော ကျောင်းများမှ ထက်ဆင့်သင် ၁၅ ဦး၊ လယ်ဆင့်သင် ၂၆ ဦး၊ မူဆင့်သင် ၁၀၉ ဦး ဆရာ၊ ဆရာမ အင်အား ၁၅၀ တို့အား လက်ရှိဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နယ်မြေခံတပ်များ၏ လုံခြုံရေး ထောက်ခံချက်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရရှိပါက အခြေခံပညာကျောင်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ယာယီတွဲဖက်ထားသော ဆရာ ဆရာမများအား မိမိတို့ မူလတာဝန်ကျရာကျောင်းများသို့ ပြန်လည်တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက ဆရာ၊ ကျောင်းသားအချိုးအရ သင်တန်းဆင်း ဆရာ ဆရာမများဖြင့် ဖြည့်ဆည်းခန့်ထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၏ **ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၁ မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်အသစ်များ တစ်ဝက်သာပြီးစီးပြီး ပြန်လည်အပ်နှံခဲ့သော လုပ်ငန်း ၇၂ ခုအား အပြီးသတ်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီးမှ တင်ပြလာသော လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ပြန်လည်အပ်နှံခဲ့ရသည့် လုပ်ငန်းများမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်း ၇၂ ခုဖြစ်ပြီး အဆိုပါမပြီးပြတ်သေးသော လုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဒေသ ပေါက်ဈေးနှုန်းများအရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ် PAE နှုန်းထားများနှင့်အညီ စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံပိုင်ကဏ္ဍ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသို့မဟုတ် လုပ်ငန်းစီမံကိန်းများ၏ ခန့်မှန်းစီမံကိန်း တန်ဖိုးပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် စပ်လျဉ်းပြီး မြေပြင်တွင် ဆက်လက်ဆောင်ရွက်နိုင်မှု ရှိ/ မရှိ အခြေအနေအား သေချာစွာစိစစ်ပြီး ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ခွင့်ရရှိရန် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ခွင့်ရရှိပါက ကျောင်းဆောင်များ အပြီးသတ်ပြီးစီးရေး နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဇူလိုင် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော်**
**ရုပ်သံဖိုင် ကြည့်ရှုရန် -**

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာအစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၀) ဦးကျော်ကျော်လတ်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ သိမ်းဆည်းခံ လယ်ယာမြေနှင့် ပတ်သက်ပြီး ပေးလျော်ရန် ကျန်ရှိနေသေးသော လယ်သမား ၂၀၀ ခန့်အတွက် လျော်ကြေးနစ်နာကြေးရရှိနိုင်မှု အခြေအနေအား မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တင်ပြမေးမြန်းထားသည့် လယ်ယာမြေလျော်ကြေးပေးရန် ကျန်ရှိသည့် တောင်သူလယ်သမား ၂၀၄ ဦးနှင့် စပ်လျဉ်း၍ လျော်ကြေးပေးအပ်ရန်ကျန်သည့် အမှုတွဲ ၃၂ တွဲ စာရင်း၌ တောင်သူ ၁၁ ဦး၏ ဧရိယာ ၁၃၉ ဒသမ ၇၇ ဧကသာပါဝင်ပါကြောင်း၊ ကျန်ရှိသည့် တောင်သူ ၁၉၃ ဦးနှင့်စပ်လျဉ်း၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တို့မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒဂုံမြို့သစ်အိမ်ရာစီမံကိန်းမြေအဖြစ် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ သိမ်းဆည်းခံမြေတစ်ဧကလျှင် ကျပ်သိန်း ၁၀၀ နှုန်း သတ်မှတ်၍ လျော်ကြေးပေးအပ်ခဲ့ကာ ကျန်ရှိသည့်တောင်သူများကိုလည်း ၎င်းတို့၏ တင်ပြမှုများအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒ ၅၂ ချက်နှင့် အညီ ကိုက်ညီမှုရှိသော တောင်သူများအား လျော်ကြေးပေးအပ်နိုင်ရေးအတွက် အထောက်အထားများ စိစစ်ဆောင်ရွက်လျက်ရှိပြီး အထောက်အထား မတင်ပြနိုင်သူများ၊ မူလပိုင်ရှင်မဟုတ်သူများ၊ ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်မရှိသူများ၊ မူဝါဒနှင့် ကိုက်ညီမှုမရှိသည့် အမှုတွဲများအား အမှုပိတ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ တင်ပြမေးမြန်းထားသည့် လယ်ယာမြေလျော်ကြေးပေးရန် ကျန်ရှိသည့် တောင်သူ ၂၀၄ ဦးနှင့်စပ်လျဉ်းပြီး တောင်သူ ၁၁ ဦးအား လျော်ကြေးပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန် ၁၉၃ ဦးနှင့်စပ်လျဉ်း၍ မူဝါဒ ၅၂ ချက်နှင့်အညီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေများအား မြေငှားဂရန်ရရှိရေးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေချေးယူနိုင်ရန်အတွက် လိုအပ်လျက်ရှိသော မြေငှားဂရန်ရရှိရေး အခက်အခဲများအား ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ပြည်သူများ၏ အခက်အခဲဖြစ်ပေါ်မှုအပေါ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မြို့မြေ ပြန်လည်တိုင်းတာခြင်းကို စီမံချက်ချမှတ် ဆောင်ရွက်ပေးခဲ့ရာ လွိုင်ကော်မြို့ပေါ် (၂၃) ရပ်ကွက်အနက် (၁၁) ရပ်ကွက်တွင် အကွက်ပေါင်း ၃၃ ကွက်ကို ကွက်ကြုံ၊ ကွက်စိပ် တိုင်းတာခြင်း၊ မြေပုံရေးဆွဲခြင်း၊ ပိုင်ဆိုင်မှုဦးပိုင်မှတ်ပုံတင်စာရင်း ကောက်ယူပြုစုခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများဖြင့် ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းတာပြီးခဲ့သော မင်္ဂလာ၊ မေတ္တာ၊ ဈေးပိုင်း၊ ရွှေတောင်၊ လောဓမ္မ၊ ဒေါတမ၊ ဒေါနိုးကူး၊ ရှမ်းစု၊ မင်းစု၊ နမ့်ဘော်ဝမ်(က) နှင့် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်များအတွက် ၂၀၂၆ ခုနှစ် ဇွန်လမှစ၍ လွိုင်ကော်မြို့နယ် မြေစာရင်းဦးစီးဌာနသည် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခြင်းကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်၍ လွိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန် အမှုတွဲများအား စတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြေစာရင်းဦးစီးဌာနမှ မြေစာရင်း ပုံစံ ၁၀၅၊ ၁၀၆ ရေးကူးပေးနိုင်သော ရပ်ကွက်များအတွက် လူနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းများကိုလည်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေများအား မြေငှားဂရန်ရရှိရေး စတင်ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ဆဲကာလအတွင်း စက်မှုဇုန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) လုပ်ငန်းများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူနိုင်ရေးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များရှိပါက ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြေစာရင်းဦးစီးဌာနမှ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်နေရာများတွင် လူနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်အတွင်း မြို့ပြဧရိယာနှင့် လူဦးရေ မမျှတမှုများအား ဖြေရှင်းနိုင်ရေးအတွက် မြို့ကွက်သစ်များအမြန်ဆုံး ဖော်ဆောင်ပေးရန်နှင့် မြို့မြေအဖြစ် သတ်မှတ်ပြီးသား မြေနေရာများတွင် စနစ်ကျသော မြို့ကွက်သစ်များ ပေါ်ပေါက်လာစေရန် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြို့မြေကွက်သစ်များဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မြေနေရာ စိစစ်ရွေးချယ်ခြင်းနှင့် အဆိုပြုလွှာတင်ပြခြင်း၊ မြို့ကွက်သစ်ဖော်ထုတ်ရန်အတွက် ခွင့်ပြုရန်ပုံငွေ ခွဲဝေရရှိနိုင်ရေး လျာထားခြင်း၊ လယ်ယာမြေများဖြစ်ပါက အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေး တင်ပြလျှောက်ထားခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်နိုင်မှုရှိ/မရှိ လေ့လာဆန်းစစ်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေစိစစ်ခြင်း၊ မြို့ကွက်မြေ တိုင်းတာခြင်းနှင့် မြို့ကွက်မြေပုံထုတ်ခြင်း၊ မြေယာပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် မြေငှားဂရန်များထုတ်ပေးခြင်း စသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းနှင့် ငသိုင်းချောင်းမြို့များတွင် မြို့မြေကွက်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းဒေသများသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစပါးစိုက်ပျိုးရာ ရေခံမြေခံကောင်းမွန်သည့် ဒေသများဖြစ်ကြသဖြင့် မြို့ကွက်သစ်ဖော်ထုတ်မည်ဆိုပါက လက်ရှိစိုက်ပျိုးဖြစ်ထွန်းနေသော လယ်ယာမြေများကိုသာ အသုံးပြုရမည်ဖြစ်သောကြောင့် ဒေသခံတောင်သူလယ်သမားများ၏ လုပ်ကိုင်စားသောက်မှုဘဝကို ထိခိုက်နိုင်မှုရှိ/မရှိကို စိစစ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မြို့မြေအဖြစ် အသုံးပြုရန် သတ်မှတ်ထားရှိသည့် ဧရိယာအပေါ် လက်ရှိမြို့မြေအတွင်း လူနေထိုင်မှု အခြေအနေအား ပြန်လည်စိစစ်ခြင်း၊ နောင်တိုးပွားလာမည့် လူဦးရေအခြေအနေအပေါ် အခြေခံ၍ Town Plan ရေးဆွဲစေခြင်းနှင့် Town Plan အရ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မူလပိုင်ဆိုင်သည့်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးသန်းထွန်း၏ **ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့မှုကြောင့် ဒေသခံပြည်သူအများအပြားမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရပြီး နေထိုင်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသော ပြည်သူများအတွက် သီးခြားနေရာတစ်ခုတွင် IDP Camp များကဲ့သို့ အဆောက်အအုံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့မှုကြောင့် ဒေသခံပြည်သူ အများအပြားသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရပြီး စစ်တွေမြို့နယ်အတွင်း မြို့နယ်အသီးသီးမှ နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်လာသူများနှင့် စစ်တွေမြို့နယ် အစွန်အဖျားရှိ ကျေးရွာများတွင် လုံခြုံရေး အခြေအနေအရ ယာယီရွှေ့ပြောင်းခဲ့ရမှုကြောင့် နေရပ်စွန့်ခွာလာသူများအား စစ်တွေမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ ဆွေမျိုးနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ယာယီရွှေ့ပြောင်း ခိုလှုံနေထိုင်ခဲ့ကြသည့်အတွက် စစ်တွေမြို့အတွင်း ယာယီနေထိုင်နိုင်ရန် ယာယီနေရပ်စွန့်ခွာစခန်း (ဘုန်းတော်ကြီးကျောင်းများ) ၅၄ ခုအား ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် အိမ်ထောင်စု ၂၂၁၀ စု၊ လူဦးရေ ၆၉၄၃ ဦးတို့ ယာယီနေထိုင်လျက်ရှိပါကြောင်း။

အဆိုပါယာယီနေရပ်စွန့်ခွာသူများ၏ စားသောက်မှု အခက်အခဲဖြစ်ပေါ်စေရေးအတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှစ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လူတစ်ဦးလျှင် တစ်ရက်ဆန် နှစ်ဘူးနှုန်းဖြင့် ယနေ့အချိန်ထိ ရိက္ခာဆန်များအား လစဉ်ထောက်ပံ့ပေးလျက်ရှိပြီး ယာယီနေရပ်စွန့်ခွာစခန်း/ရရုံများသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ယာယီနေရပ်စွန့်ခွာစခန်းရရုံ ၅၄ ခု ဒေသပြည်သူများအတွက် ဆန် ၂၄ ပြည်အိတ် ၁၆၀၆ အိတ်ကို ယာယီနေရပ်စွန့်ခွာစခန်းရရုံ ၅၄ ခုသို့လည်း ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ရခိုင်ပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထောက်ပံ့ငွေများကို ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်သို့ရောက်ရှိအောင် ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း နေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာဖိုးထောက်ပံ့ခြင်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်သုံးပစ္စည်းများ ထောက်ပံ့ခြင်းအတွက် ငွေကျပ်ပစ္စည်းတန်ဖိုးငွေကျပ် ၆၁၉ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ *စာမျက်နှာ ၁၂ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

- **ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အခွန်စနစ်အတွင်း အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာကောက်ခံရရှိရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့်အညီ အခွန်ကောက်ခံရရှိမှုများ တိုးတက်လာစေရန်၊ သတင်းအချက်အလက်နှင့် နည်းပညာပိုမိုသုံးစွဲဆောင်ရွက်နိုင်စေရန်၊ ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာအသိစိတ်ဓာတ်နှင့် အခွန်ယဉ်ကျေးမှု မြင့်မားတိုးတက်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- **အခွန်တာဝန်လိုက်နာမှုကို တိုးမြှင့်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းပညာတို့ဖြင့် ထိန်းချုပ်ဆောင်ရွက်ရသကဲ့သို့ အခွန်အသိပညာပေးခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အခွန်ယဉ်ကျေးမှုကို ဖြစ်ထွန်းခိုင်မာလာရေးအတွက် အခြေခံပညာအတန်းများတွင် အခွန်ဆိုင်ရာအသိပညာများကို ထည့်သွင်းသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့**

*စာမျက်နှာ ၁၁ မှ*

ကျန်းမာရေးအတွက် ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ လူဦးရေ ၁၀၉၈ ဦးအား ကုသပေးခဲ့ပြီး ယာယီနေရပ်စွန့်ခွာသူ ကျောင်းသူကျောင်းသားများ ပညာသင်ကြားခွင့်မဆုံးရှုံးစေရေးအတွက် နီးစပ်ရာအခြေခံပညာသင်ကျောင်းများတွင် တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ပေးထားသည့် ယာယီနေရပ်စွန့်ခွာစခန်းရရုံများရှိ အဆောက်အအုံများတွင် လုံခြုံစွာနေထိုင်လျက်ရှိပြီး စားသောက်ရေးအတွက် လစဉ်ဆန်များထောက်ပံ့ခြင်း၊ ကျန်းမာရေးအတွက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ပညာရေးအတွက် ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်၍ IDP Camp များကဲ့သို့ အဆောက်အအုံများ ဆောက်လုပ်ပေးရန်မလိုပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ထွေး** က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် အခွန်ရှောင်မှုများရှိနေခြင်း၊ အခွန်ပေးဆောင်မှုအခြေခံများ မကျယ်ပြန့်သေးခြင်း၊ အခွန်ရုံး၏ ဝန်ဆောင်မှုများ ရိုးရှင်းမှုမရှိခြင်း၊ ဒီဂျစ်တယ်စနစ် မပြည့်စုံခြင်း၊ စီးပွားရေးလုပ်ငန်းအချို့သည် တရားဝင်စီးပွားရေးလုပ်ငန်းစာရင်းထဲသို့ မရောက်ရှိခြင်းတို့ကြောင့် နိုင်ငံတော်အတွက် အခွန်ငွေများ အပြည့်အဝမရရှိသည်ကို တွေ့ရပါကြောင်း။

အခွန်ငွေတိုးရန် အခွန်နှုန်းကို တိုးတက်ကောက်ခံရမည် မဟုတ်ဘဲ နည်းပညာအသုံးပြုမှုနှင့် စနစ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရောနစ် အခွန်စနစ်တိုးချဲ့ခြင်း၊ အရောင်းအဝယ် မှတ်တမ်းများကို ဒီဂျစ်တယ်စနစ်ဖြင့် စုစည်းခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို မှတ်ပုံတင်စနစ်ထဲရောက်စေခြင်း၊ ဘဏ်စနစ်နှင့် အခွန်စနစ်ကို ပေါင်းစပ်ချိတ်ဆက်ခြင်းဖြင့် ကြီးမားသော ငွေလွှဲများကို စောင့်ကြည့်စနစ်ထဲ ထည့်သွင်းခြင်း၊ အခွန်မမှန်သူများကို ထိရောက်သော အပြစ်ဒဏ်စနစ်များချမှတ်ခြင်းနှင့် အွန်လိုင်းဝန်ဆောင်မှုများ တိုးချဲ့ခြင်းဖြင့် အခွန်ရုံးလုပ်ငန်းများတွင် အချိန်ကုန်ကျမှု လျှော့ချခြင်းနှင့် လုပ်ငန်းရှုပ်ထွေးမှုမရှိစေခြင်း၊ အခွန်ပေးခြင်း၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောစည်းရုံးစေပြီး ပြည်သူနှင့် အစိုးရကြား ယုံကြည်မှုတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဆိုပါက အခွန်နှုန်းတိုးမြှင့်ကောက်ခံရန်မလိုဘဲ အခွန်ဝင်ငွေတိုးတက်လာမည် ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးမင်းမင်းထွန်း** က ခိုင်မာတောင့်တင်းသော အခွန်စနစ်ရှိမှသာလျှင် အင်အားတောင့်တင်းသောနိုင်ငံတော်ကိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ အခွန်ငွေများ တိတိကျကျကောက်ခံရရှိမည်ဖြစ်သကဲ့သို့ ရရှိလာသည့် အခွန်ငွေများကိုအလေအလွင့်မရှိဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အမှန်တကယ် ပြန်လည်အသုံးချပြနိုင်မှသာ ပြည်သူများ၏ ယုံကြည်မှုနှင့် "အခွန်လိုက်နာမှုယဉ်ကျေးမှု" ထွန်းကားလာမည်ဖြစ်ပါကြောင်း။

အဂတိသည် နှစ်ဖက်စလုံး ပူးပေါင်းမှုကြောင့် ဖြစ်ပေါ်လာသည့် စနစ်တစ်ခု၏ အားနည်းချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာစေရန်အတွက် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ အခွန်နှင့် အဂတိကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစံ** က အဂတိဟုပြောသည့်အခါ လူအများစုသည် လာဘ်ငွေလက်ခံရယူမှုသာ အဂတိမြောက်သည်ဟု ယေဘုယျဆန်ဆန် နားလည်ထားကြပါကြောင်း၊ အဂတိသည် လာဘ်စားခြင်းတစ်ခုတည်းမဟုတ်ပါကြောင်း၊ ရာထူးတာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ပြီး အကျိုးစီးပွားပဋိပက္ခ ဖြစ်ပေါ်စေခြင်းသည် အဂတိတရားဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် အဂတိတရားကို ထိရောက်စွာ နှိမ်နင်းပြီး ဖွံ့ဖြိုးတိုးတက်သွားသည့် နိုင်ငံများရှိကြပါကြောင်း၊ ယင်းနိုင်ငံများ၏ ဘုံတူညီချက်များသည် တင်းကျပ်ပြတ်သားသည့် တရားဥပဒေစိုးမိုးရေးရှိခြင်း၊ ဝန်ထမ်းများ၏ လူမှုစီးပွားဖူလုံအောင် ထောက်ပံ့ပေးထားခြင်း၊ စုံစမ်းစစ်ဆေးမည့် အဖွဲ့အစည်းများကို အမှီအခိုကင်းကင်း လွတ်လပ်ခွင့်ပေးထားခြင်းနှင့် လုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်ဖြင့် ရိုးရှင်းအောင် လုပ်ဆောင်ထားခြင်းဖြစ်ပါကြောင်း။

ပြည်သူများအချိန်ကုန်သက်သာစေမည့် Online Booking စနစ်နှင့် E-Tax စနစ်များ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းကို အားကိုးမည့်အစား ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပါဝင်ခြင်းနည်းလမ်းကို သုံးစွဲပါက ဘဏ္ဍာငွေကုန်ကျမှု သက်သာပြီး ပိုမိုမြန်ဆန် ထိရောက်လာနိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်ခြင်းသည် နိုင်ငံတော်၏အကျိုးကို သယ်ပိုးခြင်းဖြစ်သည်ဟု ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရန် လိုအပ်ပါကြောင်း၊ အခွန်ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေပြီး အခွန်ရှောင်များကို ဖော်ထုတ်အရေးယူခြင်း၊ စံပြအခွန်ထမ်းကုမ္ပဏီများကို ဂုဏ်ပြု၍ အခွင့်အရေးအချို့ပေးခြင်း၊ သတင်းပေးသူကို ကာကွယ်၍ ဆုကြေးချီးမြှင့်ခြင်းများကို လုပ်ဆောင်ရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတစ်နိုင်ငံ၏ အခွန်စနစ်သည် ထိုနိုင်ငံ၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးမှုအပေါ် အခြေခံပြီး လိုက်ပါပြောင်းလဲကျင့်သုံးရသော စနစ်တစ်ခုဖြစ်ပါကြောင်း၊ အခွန်စနစ်တစ်ခုကို စနစ်တကျအောင်မြင်အောင် ပြောင်းလဲကျင့်သုံးခြင်းသည် နည်းပညာပိုင်းသာမက အခွန်ဌာန၊ အခွန်ထမ်းပြည်သူ၊ အခွန်စနစ်နှင့် ပတ်သက်ဆက်နွယ်သူများ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများအားလုံး ဟန်ချက်ညီညီ တိုးတက်ပြောင်းလဲဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

ယခုကာလတွင် နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၃၅ ပါအတိုင်း ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်း၊ အခွန်စနစ်သည်လည်း အခွန်ထမ်းဝန်ဆောင်မှုနှင့် အခွန်ယဉ်ကျေးမှုတိုးတက်လာစေရေး ဘက်စုံ/ထောင့်စုံမှ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ပြောင်းလဲဆောင်ရွက်ရာတွင်လည်း ချမှတ်ထားသော အခွန်ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများအတိုင်း IT နည်းပညာ တိုးချဲ့ကျင့်သုံးရေးဆောင်ရွက်ခဲ့ရာ သိသာအထင်ရှားဆုံး ဆောင်ရွက်မှုများအနေဖြင့် အောင်ဘာလေသိန်းထီကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ရန်အတွက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို ၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်မှစ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှုအပေါ် ဥပဒေနှင့်အညီ အခွန်ငွေများ အပြည့်အဝကောက်ခံရရှိနိုင်ရန်နှင့် တရားမဝင် ကုန်စည်တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် Central Equipment Identity Register (CEIR) စနစ်နှင့် Equipment Identity Register (EIR) စနစ်ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ အခွန်ကောက်ခံခြင်း၊ မော်တော်ယာဉ်ဝယ်ယူရောင်းချခြင်းအပေါ် အလိုအလျောက် တန်ဖိုးစိစစ်တွက်ချက်ပေးဆောင်နိုင်မည့် VAVS စနစ် ကျင့်သုံးနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်းတို့ ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်စနစ် ပြုပြင်ပြောင်းလဲရာတွင် စနစ်တကျရှိစေရေ မဟာဗျူဟာအစီအစဉ်ရှစ်ခု ချမှတ်၍ ကာလအပိုင်းအခြားအလိုက် စီမံကိန်းများချမှတ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မဟာဗျူဟာအစီအစဉ် ရှစ်ခုသည် ဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီစေရန် ပြုပြင်ပြောင်းလဲခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အခွန်စည်းကြပ်မှုစနစ်ကို ခေတ်မီစေရန် ပြောင်းလဲခြင်း၊ ICT နည်းပညာကို ကျယ်ပြန့်စွာ အသုံးပြုခြင်း၊ အခွန်တာဝန်လိုက်နာမှုကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ခြင်း၊ အခွန်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာမြှင့်တင်ခြင်းနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများကို ကြီးကြပ်ကွပ်ကဲခြင်းတို့ ဖြစ်ပါကြောင်း။

ယခင်က အခွန်စည်းကြပ်မှုများသည် အခွန်ဌာန၏ ခန့်မှန်းဆုံးဖြတ်ချက်အပေါ် အခြေခံသည့် အခွန်စည်းကြပ်မှု (Assumption Based Assessment) စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ အဆိုပါစနစ် အစားစာရင်းဇယားအထောက်အထား အချက်အလက်များကို အခြေခံသည့် အခွန်စည်းကြပ်မှု (Evidence Based Assessment) စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်နှင့် အခွန်မှူးများ၏ လုပ်ပိုင်ခွင့်ကို ပိုမိုထိန်းချုပ်နိုင်ရန်အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self Assessment System-SAS) ကို အဆင့်အလိုက် ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ စုစုပေါင်း အခွန်ရငွေ၏ ၇၅ ရာခိုင်နှုန်းခန့်ကို SAS စနစ်ကျင့်သုံး၍ ကောက်ခံနိုင်ခဲ့ပါကြောင်း၊ SAS ရုံးများတွင် ဒီဂျစ်တယ်စနစ်အသုံးပြု၍ အခွန်စီမံခန့်ခွဲသည့်စနစ် (Tax Revenue Management System-TRMS) ကျင့်သုံးခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်ညီညွတ်သော အခွန်ထမ်းမှတ်ပုံတင်စနစ်(Unique Taxpayer Identification Number- TIN) ကျင့်သုံးခြင်း၊ e-Registration၊ e-Filing နှင့် e-Payment (m-Banking, IRD Tax Payment Hub) စနစ်များဖြင့် အခွန်တာဝန်များကို အွန်လိုင်းမှ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ MyCO (DICA)၊ MACCS (အကောက်ခွန်)၊ CBM-NET (ဗဟိုဘဏ်) နှင့် Trade-Net 2.0 (ကုန်သွယ်ရေး)တို့နှင့် ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ခြင်း၊ အောင်ဘာလေအွန်လိုင်းထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အောင်ဘာလေသိန်းထီဖွင့်ပွဲကို Air Blow Digital Machine စက်ဖြင့် စနစ်ပြောင်းလဲဖွင့်လှစ်ခြင်း၊ မိုဘိုင်းတယ်လီဖုန်းတင်သွင်းမှုအပေါ် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက် CEIR/EIR မှတ်ပုံတင်ခြင်းစနစ် ထူထောင်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူရောင်းချခြင်းအပေါ် အလိုအလျောက် တန်ဖိုးစိစစ်အခွန်တွက်ချက် ပေးဆောင်နိုင်မည့် VAVS စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ကောက်ခံရာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှစတင်၍ နှစ်စဉ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပြီး နေ့စဉ်ထုတ်သတင်းစာများတွင်လည်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စနစ်တကျကောက်ခံနေခြင်းဖြစ်ပါကြောင်း။

ထို့ပြင် အခွန်တာဝန်လိုက်နာမှုတိုးတက်စေရေးအတွက် အခွန်တာဝန်လိုက်နာမှု တိုးတက်ရေးမဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရုံးချုပ်တွင် အခွန်ဆုံးရှုံးနိုင်ခြေ စိစစ်သုံးသပ်သည့် သီးခြား Unit ဖွဲ့စည်းတည်ထောင်ခြင်း၊ အခွန်ဆုံးရှုံးနိုင်ခြေမြင့်မားသော စီးပွားရေးကဏ္ဍများကို ဦးတည်၍ အခွန်စာရင်း စစ်ဆေးကြပ်မတ်ခြင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ရွှေဆိုင်များတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ ဒဏ်ကြေးများ ထိရောက်စွာ တပ်ရိုက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

အခွန်တာဝန်လိုက်နာမှုကို တိုးမြှင့်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းပညာတို့ဖြင့် ထိန်းချုပ်ဆောင်ရွက်ရသကဲ့သို့ အခွန်အသိပညာပေးခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အခွန်ယဉ်ကျေးမှုကို ဖြစ်ထွန်းခိုင်မာလာရေးအတွက် အခြေခံပညာအတန်းများတွင် အခွန်ဆိုင်ရာအသိပညာများကို ထည့်သွင်းသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် အခွန်ထမ်းများ အခွန်တာဝန်များကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရေးအတွက် Taxpayer Service Center များ၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် e-Services Help Desk Center များကို ဖွင့်လှစ်ဆောင်ရွက်ထားရှိပါကြောင်း။

အခွန်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် အခွန်ဥပဒေ၊ အခွန်စီမံခန့်ခွဲမှု၊ အခွန်တာဝန်လိုက်နာမှု၊ အခွန်ဝန်ဆောင်မှုနှင့် အခွန်စီမံခန့်ခွဲစနစ်တွင် နည်းပညာကို တိုးချဲ့ကျင့်သုံးမှု၊ အခွန်အရာရှိနှင့် အခွန်ထမ်းအကြား လူပုဂ္ဂိုလ်ချင်းထိတွေ့မှုကို လျှော့ချနိုင်သည့် အွန်လိုင်းမှတစ်ဆင့် အခွန်ပေးဆောင်မှု၊ အခွန်ကြေညာလွှာတင်သွင်းမှုတို့တွင် သိသာထင်ရှားသောရလဒ်များ ရရှိခဲ့ပြီး အခွန်ဘဏ္ဍာငွေများလည်း သိသာထင်ရှားစွာတိုးတက်ကောက်ခံရရှိခဲ့ပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်အရပ်ရပ်ကောက်ခံရန် ပြုပြင်ပြီးလျာထားချက် ကျပ်ဘီလီယံ ၁၃၄၆၀ အပေါ် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့ပြီး လျာထားချက်၏ ၁၀၅ ရာခိုင်နှုန်း ကောက်ခံနိုင်ခဲ့ပါကြောင်း၊ နှစ်အလိုက် အခွန်ကောက်ခံရရှိမှုကို နှိုင်းယှဉ်ကြည့်ပါက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၄၉၁၂ ခန့်ရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ အထိ တိုးတက်ကောက်ခံနိုင်ခဲ့ပါသဖြင့် ငါးနှစ်အတွင်း အခွန်အကောက်ရငွေ သုံးဆခန့် တိုးတက်လာခဲ့ပါကြောင်း။

အလားတူ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် GDP အချိုး (Tax-to-GDP Ratio) သည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားချက်ကို ပြည့်မီကျော်လွန်စွာ ကောက်ခံနိုင်ရေးနှင့် Tax-to-GDP Ratio ကို ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ရေးကို ရည်မှန်းချက်ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်း၍ Public Feedback Programme ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအစီအစဉ်အရ Data Entry Operator (DEO) စနစ် အသုံးပြုလျက်ရှိသော အခွန်ရုံး (၄၇) ရုံးရှိပြီး အဆိုပါရုံးများတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ ကချင်၊ ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ရှိ အခွန်ရုံးများပါဝင်ပြီး DEO ရုံးများကိုလည်း နှစ်စဉ်တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းစနစ်အရ အခွန်ဝန်ဆောင်မှု ရယူပြီးသော အခွန်ထမ်းများ၏ လက်ကိုင်ဖုန်းများသို့ နေ့စဉ် SMS Campaign များ အလိုအလျောက် ပေးပို့၍ အခွန်ရုံးများ၏ ဝန်ဆောင်မှုအပေါ် ကျေနပ်မှုရှိ/မရှိ၊ ဝန်ထမ်းများ၏ ဆက်ဆံရေး၊ မသင့်လျော်သော တောင်းဆိုမှုများ ရှိ/မရှိနှင့် အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို တိုက်ရိုက်မေးမြန်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ Public Feedback Programme သည် သက်ဆိုင်ရာ အခွန်ရုံးများသို့သာ တုံ့ပြန်ပေးပို့သည့်စနစ် မဟုတ်ဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုက်ရိုက်ချိတ်ဆက်ပေးပို့သည့် လွတ်လပ်သော စောင့်ကြည့်ကြပ်မတ်မှုစနစ်ဖြစ်ပါသဖြင့် အများပြည်သူ၏ သဘောထားနှင့် တိုင်ကြားချက်များကို ပွင့်လင်းမြင်သာစွာ လက်ခံရယူနိုင်ပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်ခြေများကို ကြိုတင်ကာကွယ်နိုင်ရန် အရေးပါသော စနစ်တစ်ရပ်ဖြစ်ပါကြောင်း။

အခွန်စနစ်ပြုပြင်ပြောင်းလဲရေး၊ နည်းပညာကျယ်ပြန့်စွာ တိုးချဲ့ကျင့်သုံးရေးတို့ကို Digital Tax Ecosystem တည်ဆောက်နိုင်မှုနှင့် ကွန်ပျူတာ၊ Data Center၊ အင်တာနက်လွှမ်းခြုံမှုစသည့် အခြေခံအဆောက်အအုံ (Infrastructure) ဖြည့်ဆည်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်ဝန်းရှိ အခွန်ရုံးများ၊ တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းပြည်သူများအထိ နည်းပညာအသုံးပြု၍ အခွန်ဝန်ဆောင်မှုပေးခြင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အခွန်စနစ်အတွင်း အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာကောက်ခံရရှိရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အခွန်စနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့်အညီ အခွန်ကောက်ခံရရှိမှုများ တိုးတက်လာစေရန်၊ သတင်းအချက်အလက်နှင့် နည်းပညာ ပိုမိုသုံးစွဲဆောင်ရွက်နိုင်စေရန်၊ ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာအသိစိတ်ဓာတ်နှင့် အခွန်ယဉ်ကျေးမှု မြင့်မားတိုးတက်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခွန်များရရှိရေးအတွက် ပြည်သူများအနေဖြင့် တာဝန်သိစွာ၊ အဂတိကင်းရှင်းစွာ ပူးပေါင်းဆောင်ရွက် သွားကြရန်အတွက် အခွန်ဌာနများ၊ အခွန်ထမ်းပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ ဆန္ဒအရ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ်အရ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ် (Tax Awareness Campaign) အရ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးက အခွန်ဆိုင်ရာအသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးအတွက် လူထုလှုပ်ရှားမှု အစီအစဉ်လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခြင်း၊ အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပေါင်မြို့နယ်၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ပေါင် ဇူလိုင် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝါရီရူခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိ၊ သထုံခရိုင်ဥပဒေအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားကာ သထုံခရိုင် ဥပဒေအရာရှိ ဦးကျော်နန္ဒက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သထုံခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးတို့မှ သင်တန်းနည်းပြလေးဦးက ဥပဒေဆိုင်ရာဘာသာရပ်များကို သင်တန်းသား ၅၅ ဦးအား ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်ထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သုံးခွမြို့နယ် အထက(မြို့မ)၌ ခွေးရူးပြန်ရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မအခြေခံပညာအထက်တန်းကျောင်း၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်က အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးတို့က ခွေးရူးမှတစ်ဆင့် လူသို့ ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းအကြောင်း၊ ခွေးကိုက်ခံရပါက ခွေးရူးပြန်ကာကွယ်ဆေးထိုးရန်လိုအပ်ပုံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။



**ကိုကျော်( သုံးခွ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်စဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့တက်ရောက်

**ဗန်ကောက် ဇူလိုင် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဇူလိုင် ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ခံအစိုးရသစ်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ရာတွင် အဓိကစိန်ခေါ်မှုများဖြစ်သည့် အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု စသည့်နယ်စပ်ဖြတ်ကျော်မှုခင်းများ ပပျောက်စေရန် ကြိုးပမ်းတိုက်ဖျက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အာဆီယံက AHA Centre မှတစ်ဆင့်ပေးအပ်သည့် လူသားချင်းစာနာမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ ဖြန့်ဝေပေးအပ်နေမှုအခြေအနေများနှင့် အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ သိမ်မွေ့နက်နဲသည့် နိုင်ငံရေးအခြေအနေကို နားလည်သဘောပေါက်ပြီး ပကတိမြေပြင်အခြေအနေများနှင့် ကိုက်ညီသည့် အပြုသဘောရှုမြင်သုံးသပ်မှုများ ပြုလုပ်ရန် တိုက်တွန်းပါကြောင်း၊ အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ အမြန်ဆုံးပြန်လည်ရရှိရန် မျှော်လင့်ပါကြောင်းနှင့် အာဆီယံနှင့် အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။


ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ရပ်တည်ချက်များကို အသီးသီးပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများအပေါ် အပြုသဘောရှုမြင်လျက် ထောက်ခံဆွေးနွေးသကဲ့သို့ အချို့နိုင်ငံအနည်းငယ်က ပိုမိုမြင်သာသည့် တိုးတက်မှုကို တွေ့မြင်လိုပါကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိအပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို ထိန်းသိမ်း၍ ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်ရေး၊ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောတိုးတက်မှုများရရှိနိုင်ရေး၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်တွင်ပါရှိသည့် ပဋိပက္ခများ လျှော့ချရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရေး၊ ထိတွေ့ဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများ ပိုမိုကျယ်ပြန့်စွာ ပေးအပ်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် ဆက်လက်ထိတွေ့ဆက်ဆံသွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်တို့နှင့်အညီ အိမ်နီးနားချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်အညီ မြန်မာနိုင်ငံကဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၊ ဇူလိုင် ၁၂ ရက်တွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို၊ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး-၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာယာ ဟာဂျီ မိုဟာမက် ယူဆွတ်၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လေဟွိုင်ချုံး တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် အာဆီယံတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် မူလအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် အပြုသဘောပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး တက်ရောက်ပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပဲခူးပြည်သူ့ဆေးရုံကြီး(ခုတင်-၅၀၀) ခြောက်ထပ်ဆေးကုသဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ပဲခူးပြည်သူ့ဆေးရုံကြီး ခြောက်ထပ်ဆေးကုသဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ခြောက်ထပ်ဆေးကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအဆောက်အအုံကို မြေဧရိယာ၂၅ ဒသမ ၀၃ ဧကပေါ်တွင် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၆၄၉ ဒသမ ၇၂၇ သန်းအသုံးပြု၍ ခုတ်လှေကားနှစ်စီး ပါဝင်တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါဆေးကုသဆောင်တွင် အသုံးပြုရန်အတွက် ခတ်မှန်စက်အသစ်၊ ခတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ လူနာခုတင်နှင့် အခြားဆေးရုံသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးထားပြီး ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အထူးကုဘာသာရပ် ၁၄ ခုဖြင့် နေ့စဉ် ပျမ်းမျှအတွင်းလူနာ ၃၅၀ ခန့်၊ ပျမ်းမျှပြင်ပလူနာ ၅၅၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် ခြောက်ထပ်ဆေးကုသဆောင်တွင် ဖျားနာဆောင်၊ ကင်ဆာရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အရိုးရောဂါကုသဆောင်၊ အထောက်အကူပြုဌာနများ၊ ခေတ်မီခွဲစိတ်ခန်းများနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုပေးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့နယ် ဘုရားကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်ကာ အရေးပေါ်လူနာဌာန၊ ခတ်ခွဲခန်း၊ အတွင်းလူနာဆောင်၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**ရန်ကုန် ဇူလိုင် ၁၃**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ကနောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက အုပ်စုသုံးစုဖွဲ့၍ အစုအဖွဲ့လိုက် ဆွေးနွေးခြင်းများပြုလုပ်၍ အစုအဖွဲ့လိုက် ဆွေးနွေး တွေ့ရှိချက်များအပေါ် အပြန်အလှန်တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော အာမခံအလုပ်သမားလူနာများ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးကာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား ဆေးရုံကြီး၏အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုဂ္ဂလိကကောလိပ်များ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများ၊ အမျိုးသားသင်ရိုးသင်ကျောင်းများ၏ ကိုယ်စားလှယ်များတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုဂ္ဂလိကကောလိပ်များ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများ၊ အမျိုးသားသင်ရိုးသင်ကျောင်းများ၏ ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ချောချောစိန်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့က ကျောင်းလခများ သတ်မှတ်ခြင်း၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းများဆိုင်ရာ စည်းကမ်းချက်များ၊ ကျောင်းမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း၊ ဆရာ ဆရာမများ ခန့်ထားမှုနှင့် စည်းကမ်းချက်များ၊ နိုင်ငံချစ်စိတ်နှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး(၁)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တွဲဖက်အတွင်းရေးမှူး(၂)၊ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ ကိုယ်ပိုင်ကောလိပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကအခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကောလိပ်ကိုယ်စားကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပုဂ္ဂလိကကျောင်း ကိုယ်စားလှယ်များက သိရှိလိုသည်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်ဆရာတော် ဥူးပညာဝံသ(ခ) ဒေါက်တာဖေညာဏ်(၇၅)နှစ် (၁၅)ဝါသည် ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိကျောင်းဆောင်အတွင်း၌ ဓားဒဏ်ရာများဖြင့် သတ်ဖြတ်ခံထားရပြီး ဆရာတော်၏ လက်ကိုင်ဖုန်းနှစ်လုံး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသဖြင့် မှော်ဘီမြို့မရဲစခန်းတွင် (ပ)၃၂၂/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော အထူးအမှုစစ်အဖွဲ့သည် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း ဝင်/ထွက်သွားလာသူများကို စိစစ်ဆောင်ရွက်ခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းတို့ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်သူ မှော်ဘီမြို့နယ် ကုလားကြီးကုန်းကျေးရွာနေ တရားခံ သက်ပိုင်ထွန်း(ခ) ပိုင်လေး(၂၀)နှစ်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်ထွန်း(ခ)ပိုင်လေး ကိုစစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေပိုင်းတွင် ပြစ်မှုကျူးလွန်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ကုလားကြီးကုန်းကျေးရွာနေ စိုးရာဇာ(ခ) စိုးဝင်းကျော်(၂၂)နှစ်နှင့် ဝေယံနိုင်(ခ)ဝေယံ(၁၉)နှစ်တို့ နှစ်ဦးကို မှော်ဘီမြို့နယ်၊ ကုလားကြီးကုန်းကျေးရွာရှိ ၎င်းတို့၏ နေအိမ်များ၌လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေ တရားခံ တိုးဝင်းကျော်(ခ)တိုးဝေကျော်(ခ)ကုလား(၂၈)နှစ်အား လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်ရှိ ရွှေထိပ်တင်ဘီယာဆိုင်အနီး၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် သက်ပိုင်ထွန်း(ခ)ပိုင်လေး၊ စိုးရာဇာ(ခ)စိုးဝင်းကျော်၊ ဝေယံနိုင်(ခ)ဝေယံနှင့် တိုးဝင်းကျော်(ခ) တိုးဝေကျော်(ခ)ကုလားတို့ လေးဦးကို စစ်ဆေးချက်အရ ၎င်းတို့လေးဦးနှင့် ဖမ်းဆီးရန်ကျန် တရားခံ စိုးထက်(ခ)အေကေတီတို့ ငါးဦးသည် မှော်ဘီမြို့နယ် ကုလားကြီးကုန်းကျေးရွာအတွင်း ပန်းရံလုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းတွင် သက်ပိုင်ထွန်း(ခ)ပိုင်လေး၏နေအိမ်တွင် ၎င်းတို့ငါးဦး တွေ့ဆုံခဲ့ကြပြီး သက်ပိုင်ထွန်း (ခ)ပိုင်လေးက ငွေကြေးအဆင်မပြေကြောင်းပြောရာ စိုးရာဇာ(ခ)စိုးဝင်းကျော်က မှော်ဘီမြို့နယ် (၂)ရပ်ကွက်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း ဝင်ရောက်ခိုးယူရန် တိုင်ပင်ခဲ့ကြပြီး ည ၁၀ နာရီတွင် ၎င်းတို့ငါးဦးသည် စန္ဒကူးမြိုင် ရိပ်သာကျောင်းတိုက်ရှိ ကျောင်းဆောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း၊ ကျောင်းဆောင်အတွင်းရောက်ရှိစဉ် ဆရာတော်ကြီးအား ခုတင်ပေါ်တွင် ထိုင်လျက်တွေ့ရှိရပြီး ဆရာတော်ကြီးက ၎င်းတို့အား မြင်တွေ့သွားခဲ့သဖြင့် အသင့်ပါလာသည့် အရိုး/အသွား ၁၈ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် ကျောင်းဆောင်အတွင်းမှ တွေ့ရှိရသည့် စတီးဓားတစ်ချောင်းတို့ဖြင့် ဆရာတော်ကြီးအား ထိုးသတ်ခဲ့ကြကြောင်း။

ထို့နောက် ဆရာတော်ကြီးထံမှ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ်ငါးသိန်းတို့အား လုယက်ယူဆောင်ခဲ့ပြီး ဖုန်းနှစ်လုံးအား စိုးရာဇာ(ခ) စိုးဝင်းကျော်နှင့် သက်ပိုင်ထွန်း(ခ)ပိုင်လေးတို့မှ တစ်လုံးစီယူဆောင်ကာ ခိုးယူရရှိငွေကျပ်ငါးသိန်းအား ဝေယံနိုင်(ခ)ဝေယံမှ တစ်သိန်းလေးသောင်းကျပ်နှင့် တိုးဝင်းကျော်(ခ)တိုးဝေကျော်(ခ)ကုလားနှင့် ဖမ်းဆီးရန်ကျန်တရားခံ စိုးထက်(ခ)အေကေတီတို့မှ ငွေကျပ်တစ်သိန်းရှစ်သောင်းစီ ခွဲဝေယူဆောင်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

သက်ပိုင်ထွန်း(ခ)ပိုင်လေးပါ လေးဦးတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများ သိမ်းဆည်းရရှိရေးဆောင်ရွက်ခဲ့ရာ သက်သေခံဖုန်းနှစ်လုံးကို မှော်ဘီမြို့နယ်ရှိ ဖုန်းအပိုပစ္စည်းအရောင်းဆိုင်များမှလည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားမြှောင်တစ်ချောင်းနှင့် လောက်လေးခွထည့်ထားသည့် ဘေးလွယ်အိတ်တစ်လုံးတို့ကို စန္ဒကူးမြိုင် ရိပ်သာကျောင်းဝင်းအတွင်းရှိ ရေမြောင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရရှိခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံဖြစ်သူ တောင်ငူမြို့နယ်နေ တရားခံ စိုးထက်(ခ)အေကေတီ(၁၉)နှစ်အား ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် (၁၉)ရပ်ကွက်ရှိ ညောင်ပင်လေးဈေးအနီး၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။



**တရားခံ(ဝဲမှယာ)- စိုးရာဇာ(ခ)စိုးဝင်းကျော်၊ ဝေယံနိုင်(ခ)ဝေယံ၊ စိုးထက်(ခ)အေကေတီ၊ သက်ပိုင်ထွန်း(ခ)ပိုင်လေး၊ တိုးဝင်းကျော်(ခ) တိုးဝေကျော်(ခ)ကုလား**

ဖြစ်စဉ်တွင် မှော်ဘီမြို့နယ် စန္ဒကူးမြိုင် ရိပ်သာကျောင်းတိုက်ဆရာတော်အား သတ်ဖြတ်ပြီး လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ်ငါးသိန်းအား လုယက်ယူဆောင်ခဲ့သူ တရားခံ သက်ပိုင်ထွန်း(ခ) ပိုင်လေး၊ စိုးရာဇာ(ခ)စိုးဝင်းကျော်၊ ဝေယံနိုင်(ခ)ဝေယံ၊ တိုးဝင်းကျော်(ခ)တိုးဝေကျော်(ခ)ကုလားနှင့် စိုးထက်(ခ)အေကေတီတို့ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## စလင်းမြို့ အမှတ်(၂)အထကကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**စလင်း ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဈေးမရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ယမန်နေ့က စလင်းမြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် အသက် (၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်အား လိုအပ်သည့် အထောက်အထားအချက်အလက်များ ဖြည့်စွက်ကာ စိစစ်ကောက်ယူခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစစ်ဆောင်ရွက်ပေးပြီး မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ စလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးနှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၉၉ ဦးတို့၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ဇွန် ၁ ရက်မှစတင်၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက်အထိ အခြေခံပညာကျောင်းပေါင်းကိုးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၀၂ ဦးအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး အခမဲ့လက်ဝယ်အရောက်ပေးအပ်သည်။**မြို့နယ်(ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

အဆိုပါ သရုပ်ပြလေ့ကျင့်မှုအား ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကြည့်ရှုအားပေးခဲ့ကြပြီး ပြသထားသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြရာ မြို့နယ်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

✪ *ကျောဖုံးမှ*

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၅ နာရီခွဲတွင် ကလေးမြို့ အောင်မြေမာန်ရပ်ကွက် နယ်မြေ(၄)နေ နှင်းအိဖြူ (ခ) အိဖြူ (ခ) အငယ်မ(၃၄)နှစ်၏ နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ မေသဇင်မိုး(ခ) ထူကြီး(၃၃)နှစ်၊ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရဲလင်း(၂၆)နှစ်နှင့် ညောင်တုန်းမြို့ အမှတ်(၁၀) ရပ်ကွက်နေ စိုးမိုးနိုင် (၂၂)နှစ်တို့ လေးဦးကို စိတ်ကြွဆေးပြား ၆ ဒသမ ၉ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ နံနက် ၈ နာရီတွင် ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၃)နေ ခင်မောင်ဦး (ခ) ဖက်တီး (၃၆) နှစ်အား စိတ်ကြွဆေးပြား ၉၉၉၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ ဖမ်းဆီးမှုဖြစ်စဉ်တွင် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စုစုပေါင်းစိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ထက်အောင်နိုင် (ခ) ကိုထက်၊ နှင်းအိဖြူ (ခ) အိဖြူ (ခ) အငယ်မ၊ မေသဇင်မိုး(ခ)ထူကြီး၊ ရဲလင်း၊ စိုးမိုးနိုင်နှင့် ခင်မောင်ဦး(ခ)ဖက်တီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့

ဗညားဦး

**❒ သဘာဝချည်မျှင်လုပ်ငန်းအခြေခံ MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါဆုံးစက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ရန်၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးကောင်းဝါများ ထုတ်လုပ်ရန်၊ ပြည်ပမှ တင်သွင်းနေရသည့် ဝါနှင့် ချည်များ တင်သွင်းမှုကို လျှော့ချနိုင်ရန် အဓိကရည်ရွယ်**

"ရွှေချည်၊ ငွေချည်" ဟု တင်စားသည့် မြန်မာ့ဝါသည် စိုက်ပျိုးတောင်သူများကို အကျိုးပြုလျက်ရှိသည့် ဝင်ငွေရ သီးနှံတစ်ခု။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံအတွက် ဝါသည် ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် သီးနှံတစ်ခုလည်းဖြစ်သည်။ လက်ရှိကမ္ဘာ့အထည်အလိပ်ဈေးကွက်ရှိ အထည်အလိပ် အမှတ်တံဆိပ်များသည် သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲ စိုက်ပျိုးထားသည့် အော်ဂဲနစ် ဝါဂွမ်းများကို ပိုမိုတောင်းဆိုကြချိန်ဖြစ်သည့်အတွက် မြန်မာ့ဝါအတွက် အလားအလာကောင်းများစွာရှိနေသည်။ ထို့ကြောင့် ပြည်ပပို့ကုန်သီးနှံ မြန်မာ့ဝါဖွံ့ဖြိုးမှုအတွက် ရှေ့တစ်လှမ်းတက်ရမည့်အချိန်အခါ ဖြစ်လာသည်။

လက်ရှိ နိုင်ငံတော်အစိုးရ၏မူဝါဒမှာ ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပြီး ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းစဉ်များဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ဝါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစိုက်တောင်သူများ အကျိုးအမြတ်ရရှိစေရေး၊ ဝါသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းဝါမျိုးများ အသုံးပြုနိုင်ရေး၊ မျိုးစေ့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့ကို ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ပေါင်းစပ်ကူညီ ဖြည့်ဆည်းမှုများအပြင် မြန်မာ့ဝါကဏ္ဍ ရှေ့တစ်လှမ်း တက်လှမ်းနိုင်ရေးအတွက် ဝါစိုက်ပျိုးမှုများသည့် ဒေသများမှ တောင်သူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူ အစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူ အစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှ လုပ်ငန်းရှင်များ စုံလင်စွာပါရှိသည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၁၊ ၁၂ နှင့် ၁၃ ရက်တို့တွင် အကြိုဆွေးနွေးပွဲအပါ သုံးရက်တာ ကျင်းပခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို သဘာဝချည်မျှင်လုပ်ငန်းအခြေခံ MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါဆုံး စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ပျိုးမှုကို အားပေးမြှင့်တင်ရန်၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးကောင်းဝါများ ထုတ်လုပ်ရန်၊ ပြည်ပမှတင်သွင်းနေရသည့် ဝါနှင့် ချည်များတင်သွင်းမှုကို လျှော့ချနိုင်ရန် အဓိကရည်ရွယ်သည်။

ဇူလိုင် ၁၁ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ဦးဆောင်၍ ဝါစိုက်တောင်သူများ အစုအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းရုံးခန်းမတွင် လည်းကောင်း၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့နှင့် ဝါစေ့ကြိတ်ခွဲရောင်းချသူအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့တို့သည် မကွေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမတွင် လည်းကောင်း၊ ဝါဂွမ်းမှ ဝါချည်ထုတ်လုပ်သူအစုအဖွဲ့၊ ဝါချည်မှ ပိတ်ရက်လုပ်သူအစုအဖွဲ့နှင့် ဝါချည်နှင့် ပိတ်စများ ဆေးဆိုးပန်းရိုက်လုပ်ဆောင်သူ အစုအဖွဲ့တို့သည် မကွေးမြို့ သမဝါယမသင်တန်းကျောင်းတွင် လည်းကောင်း အုပ်စုသုံးဖွဲ့ခွဲပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်ပြီး တစ်ဖွဲ့စီအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် လက်တွေ့ကြုံတွေ့နေရသော အတွေ့အကြုံများကို လုပ်ငန်းတူအုပ်စုများအကြား အတွေ့အကြုံ အချင်းချင်းဖလှယ်ခြင်း၊ အခက်အခဲများကို ဆွေးနွေးခြင်းများပြုလုပ်၍ ဖြေရှင်းနိုင်မည့်နည်းလမ်းများအား အဖြေရှာပြီး အကြံပြုချက်များ ဖော်ထုတ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဝါစိုက်တောင်သူများက အစပြုပြီး ဝါစိုက်ပျိုးခြင်းမှသည် ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှ အထည်အလိပ်စက်မှုလုပ်ငန်းများဆီအထိ ကွင်းဆက်တစ်လျှောက်ရှိ ဆက်စပ်ပါဝင်သူအားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် စိတ်ဝင်တစား ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအားလုံးကို အနှစ်ချုပ်ကြည့်သည့်အခါ ပြည်တွင်း ဝါစိုက်ပျိုးမှု ဖွံ့ဖြိုးရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာရေးအတွက် လုပ်ဆောင်ရမည့် ဖွံ့ဖြိုးမှုအကြံဉာဏ်များ၊ ရလဒ်များ ဖြစ်နေသည်။

ဆွေးနွေးပွဲ ဆွေးနွေးမှုများအရ နိုင်ငံတော်က ဝါစိုက်ပျိုးခြင်း လုပ်ငန်းစဉ်မှ အထည်အလိပ်စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်အထိ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရသည်။

တောင်သူများအနေဖြင့် ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သောဝါများ စိုက်ပျိုးနိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန် အရည်အသွေးနှင့် အထွက်နှုန်းကောင်းဝါမျိုးများကို စိုက်ပျိုးရေးဦးစီးဌာနက စဉ်ဆက်မပြတ် သုတေသနပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသည့်အပြင် အထွက်တိုး စိုက်ပျိုးနည်းစနစ်များကိုလည်း စဉ်ဆက်မပြတ် သုတေသနပြုလျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြှင့်မားရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ် မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းချမှတ်ကာ ဝါစိုက်ဧရိယာဧက ၇ ဒသမ ၄၇ သိန်းနှင့် ပန်းတိုင်အထွက်နှုန်း တစ်ဧကပိဿာ ၇၀၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်နေသည်။ ဝါအဓိကစိုက်ပျိုးဖြစ်ထွန်းသည့် မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဝါစိုက်ဧရိယာ ဧက ၇ ဒသမ ၁၇ သိန်း စိုက်ပျိုးရန်လျာထား၍ တစ်ဧကပျမ်းမျှအထွက်နှုန်း ပိဿာ ၆၃၈ ဒသမ ၃၀ ထွက်ရှိရန် လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ဆွေးနွေးပွဲ ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံတော်အနေဖြင့် ဝါဖွံ့ဖြိုးမှုကွင်းဆက်တွင် ပါဝင်သည့် ဝါဝယ်ယူသူအစုအဖွဲ့များအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးနေသည့် အခြေအနေကို သိရှိခဲ့ရသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ သက်သာသော အတိုးနှုန်းဖြင့် MSME ချေးငွေအစီအစဉ်များ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေအစီအစဉ်များ၊ တိုင်းဒေသကြီး အစိုးရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေမှ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေအစီအစဉ်များ ဆောင်ရွက်ပေးနေသည်ကို သိရှိရသည်။ အပေါင်မဲ့ CGI စနစ်ဖြင့် MSME ချေးငွေမှ ကျပ်သန်း ၂၀ အထိ ရရှိနိုင်ကြောင်း၊ MSME ချေးငွေတွင် အသေးစားလုပ်ငန်းဖြစ်ပါက ချေးငွေပမာဏ ငွေကျပ်သန်း ၅၀၊ အလတ်စားလုပ်ငန်းဖြစ်ပါက ငွေကျပ်သန်း ၁၀၀ အထိ ရရှိနိုင်ကြောင်း ဆွေးနွေးမှုများအရ သိရသည်။ ယင်းအပြင် ဝါစေ့ဆီစက်ချေးငွေတွင် ချေးငွေပမာဏမှာ ငွေကျပ် ၁၀ သန်းမှ ငွေကျပ်သန်း ၅၀၀ အထိ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွင် တစ်ဦးချင်းဖြစ်ပါက ငွေကျပ်သန်း ၁၀၀ အထိ၊ အစုအဖွဲ့ဖြစ်ပါက ငွေကျပ်သန်း ၂၀၀ အထိ ရရှိနိုင်ကြောင်း သိရှိခဲ့ရသည်။

MSME ရန်ပုံငွေမှ ထုတ်ချေးသည့် ချေးငွေရရှိလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိလျှောက်ထားမည့်ဘဏ်သို့ လိပ်မူသည့် ချေးငွေအဆိုပြုလွှာပါဝင်သည့် ချေးငွေအမှုတွဲကို တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ MSME အေဂျင်စီများသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။ MSME ရန်ပုံငွေမှ ထုတ်ချေးပေးသည့် ချေးငွေအစီအစဉ်တွင်ပါဝင်သည့် ဘဏ် ၁၈ ခုရှိပြီး ယနေ့အထိ MSME ၅၀၉၁ ခုအတွက် ထုတ်ချေးပြီးငွေ ငွေကျပ် ၇၇၉ ဒသမ ၆၅၄ ဘီလီယံရှိပြီဖြစ်ကြောင်း ဆွေးနွေးပွဲမှသိရှိရသည်။

ဆွေးနွေးပွဲတွင် ဝါဖွံ့ဖြိုးမှုကွင်းဆက်ရှိ အထည်ချုပ်ကဏ္ဍ၏ နည်းပညာများ ပိုမိုတိုးတက်လာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အထည်ချုပ်ကဏ္ဍ၏ နည်းပညာဖွံ့ဖြိုးရေးအတွက် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် တရုတ်နိုင်ငံ (Guangxi Economic and Trade Vocational Institute (GXETVI) ) တို့ပူးပေါင်းကာ အထည်ချုပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သင်တန်းကျောင်းရှိ သင်တန်းနည်းပြများကို တရုတ်နိုင်ငံသို့ စေလွှတ်၍ ခေတ်မီနည်းပညာများကို သွားရောက်လေ့လာစေခဲ့သည်။ သင်တန်းတွင် Artificial Intelligence (AI) အခြေပြု သင်ကြားရေးစနစ်များ၊ အထည်ချုပ်သင်တန်းများ ပေါ်ပေါက်လာရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း ဆွေးနွေးပွဲမှ သိရှိခဲ့ရသည်။

ထို့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် လုပ်ငန်းရှင်များ၏ အထည်အလိပ်လုပ်ငန်းအတွက် လိုအပ်သည့် ချည်အခင်ဆေးဆိုးစက်နှင့် ချည်ကုံးလုံးဆေးဆိုးစက်များအပါအဝင် စက်ပစ္စည်းများ တင်သွင်းနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရသည်။ စက်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် စက်နှင့် စက်အရန်ပစ္စည်းများကို စစ်ဆေးပေးပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းရှိ ဝါချည်မှ အထည်အလိပ်ထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) တွင် ချည်ကုံးလုံးဆေးဆိုးစက်များဖြင့် ချည်ဆေးဆိုးလုပ်ငန်း ဆောင်ရွက်ပေးနိုင်သည့်အပြင် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းရှိ နိုင်ငံပိုင်ချည်မျှင်စက်ရုံများမှ ထုတ်လုပ်သော ချည်မျိုးစုံအား MSME လုပ်ငန်းရှင်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝါကဏ္ဍ ကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်သည့်အခါ အွန်လိုင်းဈေးကွက်သည် မေ့ထား၍မရပေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ "Myanmar Trade Portal" တွင် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်/သွင်းကုန် လိုင်စင်ကိစ္စများ၊ နိုင်ငံတကာဈေးကွက်အတွက် လိုအပ်သည့် အချက်အလက်များကို စုံစုံလင်လင် ဖော်ပြပေးထားသည့်အတွက် လုပ်ငန်းရှင်များ ဝင်ရောက်လေ့လာသင့်သည့် Trade Portal တစ်ခုဖြစ်သည်။

ဆွေးနွေးပွဲမှတစ်ဆင့် အထည်အလိပ် MSME လုပ်ငန်းများအတွက် အထောက်အပံ့ရရှိစေမည့် အချက်တစ်ခုကိုလည်း သိရှိခဲ့ရသည်။ အာဆီယံနိုင်ငံများအကြား အွန်လိုင်းမှ ပါဝင်ရောင်းချနိုင်သည့် "ASEAN Online Sales Day" အစီအစဉ်အကြောင်းဖြစ်ပါသည်။ ယင်းအစီအစဉ်အပြင် နိုင်ငံတကာဈေးကွက်အတွက် "ASEAN Access Platform" အစီအစဉ်များရှိသည်ကိုလည်း လေ့လာသိရှိခဲ့ရသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် <u>ASEAN Access Portal</u> တွင် စာရင်းသွင်းပြီး ပါဝင်နိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

ထို့ပြင် ဂျာမနီနိုင်ငံ Frankfurt မြို့တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့အကြီးဆုံးနှင့် အရေးအပါဆုံး အရောင်းပြပွဲ/ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်သည့် အခွင့်အလမ်းများ ရှိနေပါသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ရိုးရာလက်မှုပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တိုက်ရိုက်ရောင်းချနိုင်သည့်အတွက် လက်မလွှတ်သင့်သည့် အခွင့်အလမ်းများဖြစ်သည်။ ထို့အတွက် ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ နိုင်ငံတကာ Logistics Partner များနှင့် ချိတ်ဆက်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဝါကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆက်တစ်လျှောက်ရှိ ဆက်စပ်ပါဝင်သူအားလုံး ပါဝင်ဆွေးနွေးခဲ့သည့် သုံးရက်တာဆွေးနွေးပွဲသည် ဝါကဏ္ဍမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးမှု ဖော်ဆောင်နိုင်မည့် ရလဒ်များကို ချဉ်းကပ်ဆွေးနွေးနိုင်ခဲ့ကြသည်။ ဆွေးနွေးမှုရလဒ်များကို အားလုံးပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပါက ပို့ကုန်မြန်မာ့ဝါဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကျင်းပပြုလုပ်ခဲ့သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး


ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိန်း အစုအဖွဲ့အလိုက် ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၃

လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည် ဖြစ်သဖြင့် အဝတ်အထည်ရက်လုပ်ရာတွင် အသုံးပြုသည့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် အဓိက အခန်းကဏ္ဍမှပါဝင်နေပြီး မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ပြည်တွင်းဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရန်၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်အထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရန် ရည်ရွယ်ပြီး “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ဇူလိုင် ၁၁ ရက်မှ ယနေ့အထိ အောင်မြင်သည့်ဆွေးနွေးပွဲတစ်ရပ်အဖြစ် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

အဆိုပါ ခေတ်အဆက်ဆက်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် ကဏ္ဍစုံပါဝင်သော ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာဆွေးနွေးပွဲကို လက်ရှိအစိုးရလက်ထက်တွင် ပထမဦးဆုံးကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက အနီးကပ်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စိုက်ပျိုးရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှု၊ စက်မှုကဏ္ဍဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝါမျိုးစေ့ထုတ်လုပ်မှု အစုအဖွဲ့၊ ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့၊ ဝါဝယ်ယူသူအစုအဖွဲ့၊ ဝါစေ့ကြိတ်ခွဲရောင်းချသူအစုအဖွဲ့၊ ဝါဂွမ်းမှ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ချည်၊ ပိတ်၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း အစုအဖွဲ့၊ ပုဆိုး၊ လုံချည်၊ ချည်စောင်၊ တဘက်၊ လက်သုတ်ပဝါ၊ စားပွဲခင်းထုတ်လုပ်သူအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀၄ ဦး တက်ရောက်ခဲ့ကြသည်။

ထိုသို့ဆွေးနွေးဆောင်ရွက်ရာတွင် ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူ အစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာအလိုက်ကျွမ်းကျင်သူများက အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးပွဲပထမနေ့တွင် အစုအဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ရလဒ်များဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့တွင် အစုအဖွဲ့အလိုက်ရလဒ်များကို ပြည်ထောင်စုဝန်ကြီးများနှင့် ထပ်မံပေါင်းစပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးကြရာတွင် ဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာနှင့် သွင်းအားစုများ လိုအပ်ချက်၊ စိုက်ပျိုးရေရရှိရေးနှင့် လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ဝါမျိုးများ လုံလောက်စွာအသုံးပြုနိုင်ရေးအတွက် ဝါမျိုးစေ့ထုတ်တောင်သူများ၊ ဝါမျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဝါဂွမ်းဈေးကွက်နှင့် ဝါဂွမ်းအရည်အသွေး တည်ငြိမ်ရေး၊ ပြည်တွင်းစက်ရုံများက လိုအပ်သည့် ဝါဂွမ်းပမာဏရရှိရန် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေး၊ အထည်အလိပ်ထုတ်လုပ်မှုဆိုင်ရာ အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေး၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးနှင့် အခြားလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များကလည်း လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် အစုအဖွဲ့များအလိုက် တက်ရောက်သူများ၏ တစ်ဦးချင်းမေးမြန်းဆွေးနွေးချက်များကို ပြည်ထောင်စုဝန်ကြီးများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ လမ်းညွှန်မှာကြားနိုင်ရန် ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်သည်လည်း အဆိုပါ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲသို့ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၂ ရက်နေ့နှင့် ယနေ့တို့တွင် တက်ရောက်အားပေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခြင်း၊ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဝါလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များ၏ ဆွေးနွေးပွဲရလဒ်များတင်ပြမှုအပေါ် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုလေ့လာခြင်းများကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်စဉ် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့် ဆွေးနွေးချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်သွားကြရန်နှင့် ယခုကဲ့သို့ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြင့် လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ နောင်တွင်လည်း စဉ်ဆက်မပြတ်ဆွေးနွေးဆောင်ရွက်သွားကြရန်၊ ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ် အကျိုးရှိသည့် လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက်တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး၊ နိုင်ငံ့စီးပွားတိုးတက်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားခဲ့ကြောင်းနှင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


ဝါဂွမ်းမှ ဝါချည်နှင့် ပိတ်စများ ဆေးဆိုးပန်းရိုက်ထုတ်လုပ်သူအစုအဖွဲ့ ဆွေးနွေးစဉ်။


ပုဆိုး၊ လုံချည်၊ ချည်စောင်၊ တဘက်၊ လက်သုတ်ပဝါ၊ စားပွဲခင်းထုတ်လုပ်သူအစုအဖွဲ့ ဆွေးနွေးစဉ်။

## (၁၃-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၂ ~ ၃၆၆၈ | ၅၅၈.၄ – ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၃,၇၃၈,၁၀၂.၇၈ | ၂၁၄,၄၄၇.၇၇ | ၂၀,၇၀၅,၈၁၁.၄၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ပြောင်းစေ့တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၅.၃၉ သန်းအား စားသုံးဆီကဏ္ဍသို့ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၂.၄၄ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

လက်ပံတန်း ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား ၁၄နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့မအားကစားကွင်း၌ ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းခေါင်းဆောင်များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုဖွင့်လှစ်ကာ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နယ်မြေ ၅ အသင်းနှင့် နယ်မြေ ၆ အသင်းတို့က ကွင်းဖွင့်ပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝါသနာရှင်မိဘပြည်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၁၃၈၈(၂၀၂၆ ခုနှစ်) (၃၂)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၃**

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၁၃၈၈ (၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၈ ဌာနတို့၌ ၂၀၂၆ ခုနှစ် ဇွန် ၅ ရက် (သောကြာ)နေ့မှ ဇွန် ၉ ရက်(အင်္ဂါ)နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ ၁၉၃၀၂ ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ ၁၃၇၉၇ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ ၆၇၄၇ ပါး ဖြစ်ရာ ၄၈ ဒသမ ၉၀ ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု (၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၀၅၉ ပါး၊ လေးကျမ်းအောင် အပါး ၇၉၀၊ သုံးကျမ်းအောင် ၇၀၄ ပါး၊ နှစ်ကျမ်းအောင် ၉၇၄ ပါး၊ တစ်ကျမ်းအောင် ၁၅၂၂ ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် ၁၀၅၉ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် စိန်/၁၂၂၊ ရှင်ပညာနန္ဒာစာရာလင်္ကာရ အသက်(၂၀)နှစ်၊ အဘ ဦးငွေလှိုင်၊ ကြာအင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် မုံ/၂၂၊ ရှင်ကုဝေရ၊ အသက်(၂၁)နှစ်၊ အဘ ဦးသိန်းနိုင်၊ ထန်းပုရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၃၀၄၊ ရှင်ကဝိန္ဒာစာရ၊ အသက်(၁၇)နှစ်၊ အဘ ဦးအေးဘ၊ ကွင်းသာရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ မဟာစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် ပထမ ခုံအမှတ် မန်း/အမဇ/၁၂၈၊ မပညေသီ၊ အသက်(၃၂)နှစ်၊ အဘ ဦးမောင်ထူး၊ ချောင်းဆုံရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဓမ္မဝိဟာရီသီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် အပါး ၉၀၊ နှစ်ကျမ်းအောင် ၂၂၉ ပါး၊ တစ်ကျမ်းအောင် အပါး ၂၁၀ တို့ဖြစ်ပါသည်။ သုံးကျမ်းအောင် အပါး ၉၀ တို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ် ဒဂရ/၇၊ အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ အဘ ဦးကျော်ဝင်း၊ ဒူးယားမြို့သစ်၊ ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် ဒဂန/၁၊ အရှင်အဂ္ဂသီလ၊ အသက်(၄၂)နှစ်၊ အဘ ဦးကံမြင့်၊ ရွာသာရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် ဒဂရ/၅၊ အရှင်ပညာသာမီလင်္ကာရ၊ အသက်(၃၅)နှစ်၊ အဘ ဦးသောင်းညွန့်၊ ရွှေအိုင်ရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၆ ပါး၊ နှစ်ကျမ်းအောင် ၃၃ ပါး၊ တစ်ကျမ်းအောင် ၂၆ ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၅ ပါး၊ နှစ်ကျမ်းအောင် ၁၇ ပါး၊ တစ်ကျမ်းအောင် ကိုးပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၈၃ ပါး၊ နှစ်ကျမ်းအောင် အပါး ၂၁၀၊ တစ်ကျမ်းအောင် ၁၇၈ ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် ၂၈၃ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် မှော်/၄၆၊ ရှင်စန္ဒကိတ္တိလင်္ကာရ၊ အသက်(၁၈)နှစ်၊ အဘ ဦးဇော်ဦး၊ ပင်စိမ်းပင်ရွာ၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်၊ ဖားအောက်တောရစာသင်တိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စက/၁၉၊ အရှင်ပညာပဇ္ဇောတာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ ဦးအောင်လင်း၊ လိန်တောရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် မင်္ဂလာ/၁၇၊ အရှင်ကဝိနန္ဒ၊ အသက်(၂၂)နှစ်၊ အဘ ဦးမြင့်ကျော်၊ အုပ်ကြီးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မြရွှေပင်သဒ္ဓမ္မသုခပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋက)ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ခုနစ်ပါး၊ လေးကျမ်းအောင်(-)ပါး၊ သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်လေးပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက)ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် တစ်ပါး၊ လေးကျမ်းအောင်(၁)ပါး၊ သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၅၅ ပါး၊ တစ်ကျမ်းအောင် ၁၂၇ ပါးတို့ဖြစ်သည်။ နှစ်ကျမ်းအောင် ၁၅၅ ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် ဒဂရ/၁၊ အရှင်အာစာရာလင်္ကာရ၊ အသက်(၄၂)နှစ်၊ အဘ ဦးအောင်ဒင်၊ အင်းကြီးရွာ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စိန်/၁၊ အရှင်စန္ဒသိရီလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဘ ဦးစိုင်းကော်ခမ်း၊ လွိုင်စုံရွာ၊ တန့်ယန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၁၂၊ အရှင်စန္ဒိမာလင်္ကာရာဘိဝံသ၊ အသက်(၂၉)နှစ်၊ အဘ ဦးကြည်ဝင်း၊ တာဝရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၃)ပါး၊ သုံးကျမ်းအောင်(၄)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်တစ်ပါးတို့ ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်ရှစ်ပါး၊ နှစ်ကျမ်းအောင်ရှစ်ပါး၊ တစ်ကျမ်းအောင် ရှစ်ပါးတို့ဖြစ်သည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် လေးပါး၊ နှစ်ကျမ်းအောင်နှစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သံယုတ္တနိကာယ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင်သုံးပါး၊ တစ်ကျမ်းအောင်နှစ်ပါးတို့ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ နှစ်ပါးဖြစ်သည်။

၁၃၈၈(၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကို ဝိဒူတန်းအုပ်စု(၉) အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇)အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၆၇၄၇ ပါးဖြစ်သည်။

၁၃၈၈(၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့နယ်ရှိ စပျစ်သီး စိုက်ပျိုးရေးခြံများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ကို ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇူလိုင် ၁၂ ရက်တွင် ဖလမ်းမြို့နယ်ရှိ စပျစ်ဝိုင်ပြုလုပ်နေမှုများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းနှင့် အသေးစားအိမ်တွင်းလက်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်း-သိုင်းငင်းလမ်းပိုင်းပေါ်ရှိ ကြောင်ဟဲင်ကျေးရွာမှ စပျစ်သီးစိုက်ပျိုးရေးလုပ်ငန်းနှင့် စပျစ်ဝိုင်ပြုလုပ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စပျစ်သီးစိုက်ပျိုးရေးနှင့် စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းသည် အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်နိုင်သည့် အသေးစားလက်မှုလုပ်ငန်းဖြစ်သည့်အပြင် ဒေသခံများ ပုံမှန်ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ အသေးစားလက်မှုလုပ်ငန်းမှ အကြီးစားစက်မှုလုပ်ငန်းသို့ ချဲ့ထွင်ဆောင်ရွက်နိုင်ပါက သားစဉ်မြေးဆက်များအထိ အမွေဆက်ခံနိုင်မည့် မိသားစုလုပ်ငန်းဖြစ်လာမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှလည်း အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီလျက်ရှိကြောင်း တာဝန်ရှိသူများအား မှာကြားပြီး ဒေသခံပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ကြောင်ဟဲင်ကျေးရွာသည် ဖလမ်းမြို့မှ သုံးမိုင်အကွာတွင်တည်ရှိပြီး အိမ်ခြေ ၆၀ ခန့်ရှိကာ တစ်ပိုင်တစ်နိုင် စပျစ်သီးစိုက်ပျိုးရေးနှင့် စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး စပျစ်သီးနှင့်စပျစ်ဝိုင်များကို ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ကလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရက်ကန်းစင်များနှင့် စက်ပစ္စည်းများ၏ အခြေအနေတို့ကို သင်တန်းကျောင်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လက်ရက်ကန်း ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းရှိ ဒေသခံပြည်သူတစ်ဦး၏ အသေးစားလက်မှုလုပ်ငန်းသို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး လက်သုံးကိရိယာများ ထုတ်လုပ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများအား စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုးပေးရန်လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက (၁)ကျောင်း Grade-12 မှ မနန်းမြင့်မြင့်စန်း ၏ ဖခင်အမည်မှန်မှာ ဦးမှုန်ကြာခွက် ၃/ကကရ(နိုင်)၁၉၁၈၅၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ ထန်းကုန်းရပ်ကွက်၊ ၂လမ်းနေ(ဘ)ဦးအောင်သန်း၏ သမီး ဒေါ်စန္ဒာဝင်း ၇/ဖမန(နိုင်)၀၀၁၃၇၁၏ မွေးသက္ကရာဇ်အမှန်မှာ (18-2-1976)ဖြစ်ပါကြောင်း။

**ဒေါ်စန္ဒာဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/8080, Honda-Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၇/ရတန(နိုင်) ၀၉၈၂၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀ )
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် - ၁၃၀

| | | |
|---|---|---|
| ဦးဇော်ဟိန်း | နှင့် | ဦးစံဦး |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ အကွက်အမှတ်(၈၈-၁၇)၊ ဦးပိုင်အမှတ်(၅၂)၊ ၄၈x၄၉ လမ်းကြား၊ ၄၉ကျွဲလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဦးစံဦး (ဘ) ဦးအာဝါး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ဟိန်းက"မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၈)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၂ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (ခွဲ) ဝမ်းတွင်း (၁) G-10မှ မောင်လင်းထက်၊ အလက ထီးလှိုင်(န) G-4မှ မောင်လဝင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းမောင် ၉/ဝတန(နိုင်)၂၆၆၃၆၈ ဖြစ်ပါကြောင်း။

**ဦးဆန်းမောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (သဲတော) Grade-12မှ မရွှေစင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၉/ဝတန(နိုင်) ၁၂၃၀၂၆ ဖြစ်ပါကြောင်း။

**ဦးမောင်ထွေး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ (၁၂)နယ်မြေ၊ ဓမ္မာရုံလမ်း၊ ကွင်းအမှတ် (၆၇၂-A၊ ကျောင်းကုန်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၆/၁၄)၊ ဧရိယာ (၀၁၁သမ၀၇) ကေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဒေါ်မေသူအောင် (ဘ) ဦးမြတ်မွေးအောင် (၁၂/သလန(နိုင်)၁၀၈၇၂၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းစိုး (ဘ) ဦးသောင်းအေး (၁၂/မရက(နိုင်)၀၀၈၅၁၄) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အ တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဇာနည် | ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
| (LL.B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈) | (LL.B,DIPL) (စဉ်-၁၈၇၂၆) | (LL.B,DBL)(စဉ်-၂၀၀၇၈) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၈၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၁၃၅၃) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား x အနံ ပေ(၄၀x ၆၀)အကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမြင့်ဦးအမည်ဖြင့် ချထားပေးသည့် (ပါမစ်)မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိ၍လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြုသူ ဦးဇာနည်စစ်နိုင် (ဘ) ဦးကြည်ဝင်း (၁၂/သလန(နိုင်)၁၀၄၄၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစန်းငွေး(ဘ)ဦးငြိမ်းမောင် (၁၂/ဥကမ(နိုင်)၀၁၁၈၂၁)က ပြန်လည်ဝယ်ယူရန် ၎င်းကို စရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မြေကွက်နှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းငွေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနှင်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၀၃၉)**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၀)၊ ပုဂံလမ်း၊ မြေကွက်အမှတ် (၁၂၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်လှိုင်လှိုင် (CA- ၀၄၄၄၅၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းကြည် (၁၂/ဥကတ (နိုင်) ၁၃၉၈၅၈)ထံမှ ကျွန်တော် ဦးရန်နိုင် (၉/ခအစ (နိုင်) ၀၃၉၄၃၉)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်နိုင် (၉/ခအစ (နိုင်) ၀၃၉၄၃၉)**
**၀၉- ၅၀၂၃ ၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ တိုက်အမှတ် (A-1/CL-1) City Loft၊ အခန်းအမှတ် (719)၊ အကျယ်အဝန်း (၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိဖြူထွန်း (၉/ပဥလ (နိုင်) ၀၀၁၂၁၃) ထံမှ ကျွန်မ ဒေါ်ကြည်ပြာဦး (၉/ပဘန (နိုင်) ၁၃၇၆၇၂)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ပြာဦး (၉/ပဘန (နိုင်)၁၃၇၆၇၂)**
**၀၉- ၈၇၃ ၂၆၀ ၂၉၃**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၀

**ကွယ်လွန်သူ ဦးမာမက်ကရင်၏ ကျန်ရစ်ခဲ့သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု၊ တော်ခရမ်းလေးကျေးရွာ၊ အမှတ်(၃)ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမာမက်ကရင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေဆက်ခံရန် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု၊ တော်ခရမ်းလေးကျေးရွာ၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်မနီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂၀) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၆) ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမာမက်ကရင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၂၀) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၆)ရက်)ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၄ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မနီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ခုနှစ်၊ ဇူလိုင်လ (၁၃)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဝေစိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်း ကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ သုဝဏ္ဏ၊ မြေကွက်အမှတ် ၅/ခ၊ မြေဧရိယာ (၀ဒသမ၀၈၃)ဧက၊ (အလျား ၄၄' ၆"x အနံ ၈၁' ၆") အကျယ်အဝန်းရှိ၊ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၃၊ အင်းကြင်းမြိုင်လမ်းသွယ်(၅)လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC (၂) ထပ်တိုက် အိမ်(၁)လုံး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူထွန်း(ဘ)ဦးတင်ထွန်း (၁၂/ကတတ(နိုင်) ၀၀၇၁၀၃)၊ အမှတ်-၁/၂၀/၄၊ မဥ္ဇူလမ်းသွယ်(၂)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| (စဉ်-၁၆၁၉၆) | ဖုန်း-၀၉၇၈၂၇၃၇၃၃၀၊ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ၀၉၂၅၄၄၈၈၃၃၀ |

**အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

## မွေးသက္ကရာဇ်အမှန်

လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်းအုပ်စု၊ နင်းကြမ်းကျေးရွာနေ (ဘ)ဦးဝါဝင်း၏သမီး မထားထားဦး ၁၄/လမန(နိုင်)၀၉၀၈၉၂၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၅-၁၉၉၄ ဖြစ်ပါကြောင်း။

**မထားထားဦး**
**၁၄/လမန(နိုင်)၀၉၀၈၉၂**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အထက(၂) Grade-11မှ မလမင်းလေး၏ ဖခင် ဦးတိုးလှိုထူး၊ ဦးစောတိုးလှိုထူးနှင့် စောတိုးလှိုထူး ၁၀/သဖရ(နိုင်) ၁၃၃၂၃၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတိုးလှိုထူး(ခ) ဦးစောတိုးလှိုထူး**
**(ခ)စောတိုးလှိုထူး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၈၄၊ မြေကွက်အမှတ် - ၆၄၁၊ အကျယ်အဝန်း အလျား ပေ(၄၀) xအနံ ပေ(၆၀)ရှိ ဒေါ်မိမိငယ်( ISN_ ၄၀၃၉၃၆) ပါမစ်မြေကွက်အား မြေအမည်ပေါက်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူစိန် (၉/မကန (နိုင်) ၀၂၁၁၀၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့စန္ဒာ (၁၃/လရန(နိုင်) ၂၁၆၀၅၁) မှ (၁၀-၇-၂၀၂၆) ရက်တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့စန္ဒာမှ အပြီးအပိုင် ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးမူ LL.B, D.B.L., D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၃၃) (၁၀-၅-၂၀၁၂)**
**တိုက်-၉/၁၁ (မြေညီထပ်)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၀၁၃၉၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(Estella Town House)၊ တိုက်အမှတ် (ETH 248A) ၊ Lane (5) ၊အကျယ်အဝန်း (၁၂၇၇) sqft ရှိ Townhouse အိမ်+မြေနှင့် ၎င်း Townhouse အိမ် +မြေ တွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသီဟအောင် ၁၂/ဥကတ(နိုင်)၁၄၈၉၉၀ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာစိုး**
**၁၂/သဃက(နိုင်)၀၁၅၆၈၃**
**ဖုန်း-09-5160789, 09-776089396**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၈

| | | |
|---|---|---|
| ဒေါ်မိုးမိုးမြင့် | နှင့် | ဦးစိန်လင်း |
| တရားလို | | တရားပြိုင် |

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ရပ်ကွက်ကြီး(၄)၊ ထုံးကြီးလမ်းနေ ဦးစိန်လင်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် ( ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေလင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ပဲခူးခရိုင်တရားရုံး**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိုအေစစ် (ဘ)ဦးစိုင်းသာညွန့် ၂/လကန(နိုင်)၁၀၉၃၅၄နှင့် ဦးသိန်းဇော်ကို (ဘ) ဦးကျွန်းမောင် ၅/ကသန(နိုင်)၁၀၉၈၀၄ တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို (၇-၇-၂၀၂၆) ရက်တွင် လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိုအေစစ်နှင့် ဦးသိန်းဇော်ကိုတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိုအေစစ်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးသက်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၇၉၀)**
**လှိုင်ကော်မြို့ ၊ ကယားပြည်နယ်**

## (၂၉-၅-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)ပါ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာစာအား ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မြို့စည်ပင်သာယာရေးလိုင်းခန်းအမှတ်(၁၆၉-အေ)အခန်းအမှတ်(၂)နေ ဦးကျော်ငွေ(၁၂/မဂဒ(နိုင်)၀၅၂၀၆၀)နှင့် ဒေါ်မြင့်သီတာ(၁၂/မဂဒ(နိုင်)၀၂၄၇၆၁)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ဦးကျော်ငွေနှင့်ဒေါ်သီတာမြင့် တို့၏သားဖြစ်သူ မောင်သော်လွင်ဟိန်း (၁၂/မဂဒ(နိုင်)၁၅၇၇၄၃)အား (၂၉-၅-၂၀၂၂) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇) တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာထားခဲ့သည်ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နီနီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)**
**Ph:09-421008458**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၀၅၀၄, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေးဦး ၉/လဝန (နိုင်) ၁၂၁၄၄၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၆ယ/၇၂၄၇၄, P&C 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေးဦး ၉/လဝန(နိုင်) ၁၂၁၄၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/2115, CHEVROLET MALIBU ,SALOON (4x2)(L)ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၈/ရစက(နိုင်)၀၀၆၃၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၀၅၄၁, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေးဦး ၉/လဝန(နိုင်) ၁၂၁၄၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ စက်ရုံ (၂) ရုံ အတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် စက်ရုံ/လုပ်ငန်းအမည်**

(က) အမှတ်(၇)အထည်စက်ရုံ(မြစ်သား)
- ပင်မစက်ရုံ ကုန်ထုတ်ဌာနအဆောက်အအုံ (၆၅၆'x၂၅၀') အတွင်း မျက်နှာကြက်ကွာကျခြင်းနှင့် နံရံပျက်စီးခြင်းအားပြုပြင်ခြင်းလုပ်ငန်း ဝန်ထမ်းအိမ်ရာကွန်ကရစ်လမ်း (၄၈၅၀'x၁၂'x၇'')ခင်းခြင်းလုပ်ငန်း

(ခ) အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)
- 33/11kV ဓါတ်အားခွဲရုံတွင် Gas Circuit Breaker(GCB)အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း
- ကုန်ထုတ်ဌာနကြီးရှိ အမိုးမျက်နှာကြက် (၅၁၇၁၁) စတုရန်းပေ ပြုပြင်ခြင်းလုပ်ငန်း

၂။ ဈေးနှုန်းတင်သွင်းလွှာများကိုပေးသွင်းရမည့်အစီအစဉ်
(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်၊အချိန်** - (၁၅-၇-၂၀၂၄)ရက်၊ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - (၃၀-၇-၂၀၂၄)ရက်၊ (၁၆:၀၀)နာရီအထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ဖုန်း၀၆၇-၄၀၈၁၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာ်နွယ်စင်ရပ်ကွက်၊ အကွက်အမှတ် ၆၇၈၊ ဦးပိုင်အမှတ် ၁၂/၇၅လမ်းမျက်နှာပြု ၃၅x၃၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်ဖေ ကွယ်လွန်၍ ဒေါ်အေးအေး ၉/မရတ(နိုင်)၀၆၉၁၆၇က(၁-က)မှတ်တမ်းတွင် အမွေဆက်ခံစာချုပ်၊ အရောင်းအဝယ်စာချုပ်၊ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်းမပြုရန် ဦးကျော်ညွန့်မှ ကန့်ကွက်စာတင်ပြထားသော်လည်း အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုအရ စွဲဆိုခဲ့မှုအား မန္တလေးခရိုင်တရားရုံးမှ ၂၀၁၉ ခုနှစ်က ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီး ဦးကျော်ညွန့်နှင့် ဇနီး ဒေါ်ခင်လှလှတို့ ကွယ်လွန်ပြီး အမွေဆက်ခံမည့် သားသမီးမကျန်ရှိခဲ့ကြောင်း ရပ်ကွက်ထောက်ခံချက်နှင့်အတူ ကန့်ကွက်လွှာအား ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ ဦးပိုင် ၁-က ခဲစင်းတောင်ခြမ်း၊ ၆၃လမ်း၊ ၁၆ x ၁၇လမ်းကြားရှိ ဒေါ်စောခင် အမည်ပေါက် ဂရန်မြေကွက်အား၊ အမွေဆက်ခံစာချုပ်အမှတ် (၃၃၇၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သန်းသန်းဌေး ၉/ပသက(နိုင်)၀၅၀၃၀၃၊ ဒေါ်ယဉ်ယဉ်နွဲ့ ၉/မနမ(နိုင်)၀၆၄၅၉၀၊ ဒေါ်မြမြ ၉/မနမ(နိုင်)၀၆၄၂၉၅၊ ဦးကျော်မင်း ၉/မနမ(နိုင်)၀၆၄၂၉၆၊ ဦးညွန့်ဝင်း ၉/မနမ(နိုင်)၀၆၄၅၉၃၊ ဦးဝင်းဆွေ ၉/မနမ(နိုင်)၁၀၃၀၀၇ တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဂရုဏာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၁/၂၊ မြေကွက်အမှတ် - ၂၀၉+၂၁၂/က ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးစန်းဝင်း (၁၂/တမန (နိုင်)၀၂၅၇၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစန်းဝင်း(၁၂/တမန(နိုင်)၀၂၅၇၃၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်နိုင် (၅/မရန(နိုင်)၀၀၀၁၇၃)က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစောအုံ့မြတ်ပိုင် (LL,B, DBL)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၆၂၄)**
**အမှတ်-၃၃၄/က၊ သိင်္ဂီ(၃)လမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ -၅၁၈၅၃၀၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်၊ မြို့တော်ဦး(၂)လမ်းနေ (ဘ) ဦးသောင်းနိုင် ၇/ပခန(ပြု) ၀၀၀၃၅၇၊ (မိ) ဒေါ်နော်လီဇာ ၇/ပခန(ပြု) ၀၀၀၉၆၂တို့၏ တတိယသမီး မချောစုနိုင် ၇/ပခန(ပြု) ၀၀၃၀၃၂သည် မိမိသဘောဆန္ဒအလျောက် မိဘတို့၏ သဘောမတူသော အပြုအမူများ ပြုလုပ်သွားပါသဖြင့်ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသောင်းနိုင်-ဒေါ်နော်လီဇာ**

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဒိုက်ဦးကော်မှုန့်စက်ရုံ (၁၇၀.၄၈)ကေနှင့် စိုက်ကွင်းမြေ(၃၃၉၅.၆၇)ကေတို့တွင် " စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ (Agro-based industries) ဆောင်ရွက်ရန်၊ အဓိကအားဖြင့် အချိုမှုန့်(ရသာမှုန့်) ပြန်လည်ထုတ်လုပ်ဆောင်ရွက်ရန်"အတွက် စက်ရုံနှင့်စိုက်ကွင်းမြေများ နှစ်ရှည်ငှားရမ်းရေးတင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၁၃-၇-၂၀၂၄ ရက်၊ (၉:၃၀)နာရီ
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၁၃-၈-၂၀၂၄ ရက်၊ (၁၆:၃၀)နာရီ
**Website** - www.industrymsme.gov.mm
**တင်ဒါပေးသွင်းမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း - ၀၆၇-၃၄၀၈၁၄၀ နှင့် ၃၄၀၈၃၇၀ တို့သို့ စုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြင်းခြံခရိုင်တရားရုံးတော်
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

ဒေါ်ခင်အုန်းမြင့် **နှင့်** ဦးညီညီခင်
**(တရားလို)** **(တရားပြိုင်)**

မြစ်ငယ်မြို့၊ ဥယျဉ်တော်ရပ်၊ အိမ်ခြံမြေရောင်းဝယ်ရေး "ဦးညီညီခင်"(ဘ) ဦးသီး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ခင်အုန်းမြင့် က မြေကွက်ဝယ်ယူပေးရန်အတွက် ပေးအပ်ခဲ့သည့် ငွေကျပ်သိန်း(၁၄၅၀)(ကျပ်သိန်းတစ်ထောင့်လေးရာငါးဆယ်)နှင့် နစ်နာကြေး ငွေကျပ်သိန်း(၁၀၀၀)(ကျပ်သိန်းတစ်ထောင်)၊ စုစုပေါင်း ကျပ်သိန်း(၂၄၅၀)(ကျပ်သိန်းနှစ်ထောင့် လေးရာငါးဆယ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၄-ခုနှစ်၊ ဩဂုတ်လ ၇ ရက် (၁၃၈၈-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်(၉)ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ကွင်းလျားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၀၃)၊ ဇရစ်ချောင်းကွင်း၊ ဦးပိုင်အမှတ် (၆၃/၇၂)၊ ဧရိယာ(၀ဒသမ၁၇)ကေရှိ မြေအား ကွင်းလျားကျေးလက်ကျန်းမာရေးဌာနခွဲ အသုံးပြုရန်အတွက် မြေလွှဲလျှောက်ထားလိုပါသဖြင့် ကွင်းလျားကျေးလက်ကျန်းမာရေးဌာနခွဲကိုယ်စား ဦးသန့်ဇင် မှ မြေပေးမိန့်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရေကြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ၊ ကင်မလင်းကျွန်းကွင်း၊ ကွင်းအမှတ် (၅၂)၊ ဦးပိုင်(၁၃)၊ မြေကွက်အမှတ်(H၉၁)၊ မြို့မြေဧရိယာ (၁.၃၂၂) ဧကကို ပိုင်ဆိုင်သူ ဒေါ်စန်းစန်းလွင် (ဘ) ဦးသိန်းရွှေ (၁၄/ပသန(နိုင်)၁၄၆၂၄၇ ထံမှ ကျွန်တော်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြို့မြေနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထွန်း (LLB) တရားလွှတ်တော်ရှေ့နေ(စဉ် -၃၈၀၂)**
**(၁၈၈)၊ ကုန်းပေါ်တန်းလမ်း၊ ပန်းလှိုင်ရပ်၊ ပဲခူးမြို့၊ ဖုန်း-၀၉- ၅၃၀၀၅၉၄**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် (၁၁၀)၊ မင်းတဲအီကင်းရပ်နေ (ဘ) ဦးကျော်ဆွေ ၏ (သမီး) ဒေါ်နီနီကျော် (၉/အမဇ (နိုင်) ၀၀၀၈၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီကျော်နှင့် ဦးအောင်နိုင်မြင့် တို့သည် တရားဝင်အကြင်လင်မယားများဖြစ်ကြပါသည်။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် (၁၁၀)၊ မင်းတဲအီကင်းရပ်ရှိ ဦးအောင်နိုင်မြင့် အမည်ပေါက် ဦးပိုင်အမှတ် (၁၀-ဃ)၊ ဧရိယာ (၀ဒသမ၀၇၉၃)ကေရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီတာ၊ မီးမီတာတို့မှာ လင်မယားနှစ်ဦးပိုင်ပစ္စည်းများ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအိမ်နှင့်မြေကို ဇနီးဖြစ်သူ ဒေါ်နီနီကျော်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ဦးအောင်နိုင်မြင့် မှ တခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများ၊ စွန့်လွှတ်ခြင်းများ ပြုလုပ်ခဲ့ပါက လက်ခံသူ၏ တာဝန်သာဖြစ်ပြီး ဒေါ်နီနီကျော်မှ ခွင့်မပြုသောကြောင့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီနီကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော်ကေသွယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၀၄)**
**အကွက် (၁၃၄)၊ ရွှေပြည်အေးရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၆၉၉၅၂၈**

## ရန်ကုန်အဝေးသင်တက္ကသိုလ်ဝင်းအတွင်းရှိ တစ်ထပ်ခွဲ(အုတ်ညှပ်) (၆၀'x၄၅'x၁၈') အဆောက်အအုံဟောင်း(၂)လုံးအား အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်ဝင်းအတွင်းရှိ တစ်ထပ်ခွဲ(အုတ်ညှပ်) (၆၀'x၄၅' x၁၈') အဆောက်အအုံဟောင်း(၂)လုံးအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံခေါ်ယူရောင်းချမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့်ပစ္စည်း အမျိုးအစား** - (၁) အဆောင်(၉) ဖျက်သိမ်းခြင်းလုပ်ငန်း (၆၀'x၄၅'x၁၈')
(၂) အဆောင်(၁၀) ဖျက်သိမ်းခြင်းလုပ်ငန်း (၆၀'x၄၅'x၁၈')
(ခ) တင်ဒါပုံစံရောင်းချ **မည့်နေ့ရက်** - ၁၄-၇-၂၀၂၄ရက်၊ (အင်္ဂါနေ့)
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့်တင်ဒါတင်သွင်းရမည့်နေရာ** - ရန်ကုန်အဝေးသင်တက္ကသိုလ် အင်ဂျင်နီယာဌာန
(ဃ) **တင်ဒါနောက်ဆုံးတင်သွင်းရန်နေ့ရက်နှင့်အချိန်** - ၂၇-၇-၂၀၂၄ရက်၊ (တနင်္လာနေ့) ၁၅:၀၀ နာရီ
(င) **တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန်** - ထပ်မံကြေညာပါမည်။
(စ) **တင်ဒါရွေးချယ်မည့် နေရာ** - ရန်ကုန်အဝေးသင်တက္ကသိုလ်၊ အစည်းအဝေးခန်းမ(၂)
(ဆ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ဈေးနှုန်း** - ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၁-၇၅၃၄၅၆၈၊ ၀၉-၉၆၄၃၇၂၃၃၃ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံခေါ်ယူရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂ ၊ မြေကွက်အမှတ် -၁၉၃/က ၊ အကျယ်အဝန်း ဧရိယာ - ပေ၂၀ x ပေ၆၀ ရှိ ဦးသန်းအောင် (S/OKA - ၀၀၉၁၁၂) အမည်ပေါက် ပါမစ်မြေအနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း ၁၀ ပေ x ပေ၆၀ ရှိ (ခြေရင်းခြမ်း) မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအေးမင်းထွန်း ၁၂/ဥကတ(နိုင်)၁၈၉၇၈၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းတို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် စဉ်-၂၅၁၆၅** **ဦးအေးမင်းသူ စဉ်-၂၆၁၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ၊**
**ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်အမှတ်(5B)၊ အမှတ်(0307) Level-03 တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးမင်းထွဋ်ခိုင် (၁၂/ဗဟန(နိုင်)၀၇၉၂၃၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးအာကာကျော် (၁၂/ရကန(နိုင်)၀၇၆၇၁၄)၊ ဒေါ်ဖြူဖြူကျော် (၁၂/ရကန(နိုင်)၀၄၆၄၈၅)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B)၊ (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B)၊ (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဥ္ဇလီ(LL.B, LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၆)ရပ်ကွက်၊ မြေတိုင်း(၁၈)၊ ဦးပိုင်အမှတ် (၂၀)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးစိုး(ခ)ဦးမောင်စိုး အမည်ပေါက် မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူအား ကူးယူခွင့်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ကြော်ငြာပါပြီး (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်စိုးမြတ်နွယ်အောင်(ခ)စိုးမြတ်နွယ်၊ ဒေါ်စိုးမြတ်ငယ်**
**(ဦးစိုး(ကွယ်လွန်)၏သမီးများ)**
**အမှတ်(၂၀)၊ ရန်ကုန်-မန္တလေးလမ်း၊ ဥဿာမြို့သစ်၊ (၆)ရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၇၇၈၁၁၈၁၇၁**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာအုပ်စုရှိကွင်းအမှတ် (၅၁၉/ညောင်ဝန်း)၊ ဦးပိုင်အမှတ် (၉၀/၂)၊ ဧရိယာ (၁၂ဒသမ၁၈)ကေ အကျယ်အဝန်းရှိ ဦးဆန်းဝင်း အမည်ဖြင့် ချထားပေးသော လယ်မြေကွက်နှင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည် ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၅၁၉/ညောင်ဝန်း)၊ ဦးပိုင်အမှတ် (၈၈)၊ ဧရိယာ (၅ဒသမ၄၂)ကေ အကျယ်အဝန်းရှိ ဦးစိုးလွင် အမည်ဖြင့် ချထားပေးသော လယ်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဆန်းဝင်း (ဘ) ဦးကံသိန်း (၅/စကန(နိုင်)၁၃၆၄၂၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသစ္စာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၈၁)**
**မယ်တော်စုကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၅၉၀၂၇၃၃၀**

## မိဘအမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ အထက(၉) Grade-10 မှ မောင်စစ်သွေးဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းခိုင် ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ငြိမ်းဝတ်ရည်ဌေးဝင်း ဖြစ်ပါကြောင်း။

**ဦးမင်းမင်းခိုင်၊**
**ဒေါ်ငြိမ်းဝတ်ရည်ဌေးဝင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းGrade-9 တွင် ပညာသင်ကြားနေသော မစိန်လေးကြည်၏ ဖခင်အမည်မှန်မှာ ဦးချို၀င်း ၉/မခန(နိုင်) ၁၂၃၉၅၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ ပုလဲစံပြကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-(8) မှ (ဘ) ဦးကြည်ဝေလင်း (၇/အဖန(နိုင်)၀၆၁၅၄၇)၏ သား မောင်ဟိန်းထွဋ်နိုင် အား ယနေ့မှစ၍ မောင်သတိုးသုတ ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မောင်သတိုးသုတ**

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ် အေလာမြို့ ၊ ရွာမ အထက - ခွဲ (စက်ရုံ)ကျောင်း G-12 တွင် ပညာသင်ကြားနေသော မနှင်းဝေရီ ၏ မိခင် ဒေါ်ငြိမ်းရွှေ ၏ အမည်မှန်မှာ ဒေါ်စန္ဒာလင်း ၉/လဝန(နိုင်) ၃၃၀၉၇၅ ဖြစ်ပါကြောင်း။

**ဒေါ်စန္ဒာလင်း**

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့ ၊ အထက G- 11 တွင် ပညာသင်ကြားနေသော မဇူးဇူးမောင် ၏ မိခင် ဒေါ်ရီချို ၏ အမည်မှန်မှာ ဒေါ်ရီရီချို ၉/ လဝန(နိုင်)၂၀၁၇၇၉ ဖြစ်ပါကြောင်း ။

**ဒေါ်ရီရီချို**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/28682 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၁၄)၊ တက်ဆိပ်ကွင်း၊ မြေကွက်အမှတ်(၄၈၂)၊ ဧရိယာ(၀.၁၈)ကေ အနက်မှ (၀.၁၀)ကေရှိ မြေအား တက်ဆိပ်ကျေးလက်ကျန်းမာရေးဌာနခွဲ အသုံးပြုရန်အတွက် မြေလွှဲပြောင်းလျှောက်ထားလိုပါသဖြင့် တက်ဆိပ်ကျေးလက်ကျန်းမာရေးဌာနခွဲကိုယ်စား ဒေါ်ပြုံးမို့မို့ဇင်မှ မြေပေးမိန့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၅၁၆)၊ နတ်မော်ကွင်း၊ ဦးပိုင်အမှတ် (၁က)၊ ဧရိယာ (၀.၅၄) ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

အရှေ့လားသော် - ဦးပိုင်အမှတ် (၁က) ကျန်မြေ
အနောက်လားသော် - ဦးပိုင်အမှတ်(၁ခ)
တောင်လားသော် - ဦးပိုင်အမှတ် (၁က)ကျန်မြေ
မြောက်လားသော် - ဦးပိုင်အမှတ် (၁က)ကျန်မြေတို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးချန်ထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများပြည်သူသိရှိရန်ကြေညာခြင်း

တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၂၃/ဗလီအရှေ့)၊ ဦးပိုင်အမှတ်(၈၁)၊ မြေချိန်ဧရိယာ (၀.၁၀၆) ဧကရှိ မြေကွက်အား လားရှိုးခရိုင် ထွေ/အုပ်၏ မြေငှားဂရန်အမှုတွဲအမှတ် ၅၉-၅/၂၀၁၉-၂၀၂၀(အေ)ဖြင့် ဒေါ်သန်းရင်အား (၁၀)နှစ် သက်တမ်းရှိမြေငှားဂရန်ထုတ်ပေးခဲ့ပါသည်။ အမည်ပေါက်သူ ဒေါ်သန်းရင်မှ မူလ မြေဧရိယာ (၀.၁၀၆)ကေ အနက်မှ (၀.၀၅၃) ကေအား သားဖြစ်သူ ဦးထိန်လင်း (၁၃/တယန (နိုင်)၀၀၀၄၉၆)အား လည်းကောင်း၊ ကျန်ရှိသည့်မြေဧရိယာ (၀.၀၅၃) ကေအား သားဖြစ်သူ ဦးနေမင်း (၁၃/တယန(နိုင်)၀၀၀၄၉၄)အားလည်းကောင်း မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့သဖြင့် ဦးထိန်လင်းနှင့် ဦးနေမင်းတို့မှ မိမိတို့ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း ခိုင်လုံသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တန့်ယန်းမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တန့်ယန်းမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ အကွက်အမည်(ဆုံကုန်းစုရပ်)၊ ဦးပိုင်အမှတ်(၄၁ဆ)၊ ဧရိယာ( ၀ ဒသမ ၂၆၅)ကေအနက်မှ ဧရိယာ(၀ ဒသမ ၀၆၉) ကေကို ဘိုးဘပိုင်အမည်ပြောင်းရန် ဒေါ်သက်သက်ဦးမှ လျှောက်ထားသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက (၂၀၂၆) ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်နေ့မတိုင်မီဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ အကွက် အမှတ် (၃၀)၊ ဆူးလေကုန်း၊ ဦးပိုင်အမှတ်(၄၃-ဃ)၊ ဧရိယာ(၀.၀၇၈)ကေထဲမှဧရိယာ(၀.၀၂၄) ကေရှိ ဦးမြတ်သူ အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးဝင်းအောင် အမည်ဖြင့်(ဘိုးဘပိုင်ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်ကန့်ကွက်လွှာများကိုဤရုံးသို့ကြော်ငြာ သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)ဦးပိုင်အမှတ်(၁၇၈၅)၊ ဧရိယာ(၀.၀၉၆)ကေရှိ မြေငှားဂရန်အမှုတွဲအမှတ် ၄၇၀-၅/၂၀၀၈-၂၀၀၉(စီ)၊ ဒေါ်သင်းသင်းနိုင် ၉/တတဥ(နိုင်)၀၀၇၁၇၂ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်းတို့၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူဒေါ်ယန်ကွေရီ (ခ) ရန်ကွေရီ ၁၃/လရန(နိုင်)၀၇၇၇၆၂မှ စာချုပ်အမှတ်(၁၆၀၊/၂၀၂၆)ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်လီချောင်ဂျိန်း ၁၃/လရန(နိုင်)၀၈၆၆၄၃ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်လီချောင်ဂျိန်း အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁+၇+၈ ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ် (၃၁၉)၊ ဧရိယာ (၀.၀၉၆) ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၂၇၈-V/၂၀၁၇-၂၀၁၈(A)၊ ဒေါ်ကျင်ကျင်ဝင်း ၁၃/လရန(နိုင်)၀၂၂၃၉၀ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဒေါ်ကျင်ကျင်ဝင်းမှ ဧရိယာ(၀.၀၉၆)ကေအနက် ဧရိယာ(၀.၀၆၄)ကေအား စာချုပ်(၂၅၊/၂၀၂၆)ဖြင့် ဦးလီကြည်ကျုံး(ခ)လီရှီဟွာ(ခ)လီရှောက်ဆီ ၁၃/ကခန(နိုင်)၀၀၈၇၉၀ ထံသို့ရောင်းချပေးပြီးဖြစ်၍ ဦးလီကြည်ကျုံး(ခ)လီရှီဟွာ(ခ)လီရှောက်ဆီမှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်တင်ပြသူမရှိပါက ဦးလီကြည်ကျုံး(ခ)လီရှီဟွာ(ခ)လီရှောက်ဆီ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျှောက်မြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မတ္တရာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဒေါ်ချိုရီလွင် နှင့် ဒေါ်ဝါဝါအောင်
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုရင့်နောင်ရပ်နေ တရားပြိုင် ဒေါ်ဝါဝါအောင် (ဘ)ဦးအောင်မြင့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုရီလွင်က အိမ်ဝိုင်းခြံမြေရောင်းဖိုးငွေ-၂၅၀၀၀၀၀၀ိ/-ကျပ် (ကျပ်သိန်းနှစ်ရာ့ငါးဆယ်)တိတိနှင့် နစ်နာကြေးငွေ-၁၀၀၀၀၀၀ိ/-ကျပ် (ကျပ်တစ်ဆယ်သိန်း)တိတိ၊ စုစုပေါင်းငွေ-၂၆၀၀၀၀၀၀ိ/-ကျပ် (ကျပ်သိန်းနှစ်ရာ့ခြောက်ဆယ်)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်) နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထက်)**
**မြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ခရစ်ယာန်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ် (၈၆-ဃ)၊ မြေဧရိယာ (၀.၀၃၅) ကေရှိ မြေနေရာအား ဒေါ်ကျောက်မီး (၁၃/လရန(နိုင်)၀၅၃၁၇၈) အမည်ဖြင့် နှစ်(၃၀)မြေငှား ဂရန်ရရှိထားပြီး ဒေါ်ကျောက်မီး ထံမှ (၁၉-၁၂-၂၀၀၇)ရက်တွင် စာချုပ်စာတမ်း မှတ်ပုံတင်၍ ဦးကျောက်ကြီးတင်(ခ)တင်ဦး(၁၃/လရန(နိုင်)၀၇၇၅၇၉)က စာချုပ် ချုပ်ဆိုဝယ်ယူထားရှိရာ ဦးကျောက်ကြီးတင်(ခ)တင်ဦးက (၂၀-၃-၂၀၂၃) ရက်တွင် ဦးသန်းအောင် (၁၃/ကခန(နိုင်)၀၆၂၇၂၆)အား အထူးကိုယ်စားလှယ်ပေးအပ်ထားရှိကာ ကိုယ်စားလှယ်ရရှိသူ ဦးသန်းအောင်ထံမှ (၂၅-၅-၂၀၂၃) ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဒေါ်အေးရွှေ(၁၃/မဆတ (နိုင်)၀၇၉၀၉၃) က စာချုပ်ချုပ်ဆို ဝယ်ယူထားရှိပြီး အမည်ပြောင်း/ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ မူဆယ်မြို့နယ်၊ ခရစ်ယာန်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ် (၈၆-ဃ)၊ မြေဧရိယာ(၀.၀၃၅)ကေရှိ မြေနေရာကို ဒေါ်အေးရွှေ(၁၃/မဆတ(နိုင်)၀၇၉၀၉၃)မှ မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း/သက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၂၈၅၀၆၉၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/3709 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁၊ရမ်ပူမြောက်)၊ ဦးပိုင်အမှတ်(၁၀၅/၁)၊ မြေဧရိယာ(၀.၂၅၃)ကေရှိမြေကွက်အား မူလကဒေါ်ထုတိန် အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး၊ (၁၀-၁၀-၂၀၁၇) ရက်တွင် မိခင်ဒေါ်ထုတိန်မှ သမီး ဒေါ်ခေါင်နော အမည်သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီး၊ ဒေါ်ခေါင်နော ၁/မကန(နိုင်)၀၈၀၃၂၉ အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁၊ ရမ်ပူမြောက်)၊ ဦးပိုင်အမှတ် (၁၀၅/၃က)၊ မြေဧရိယာ (၀.၅၅၈) ကေရှိမြေကွက်အား ဒေါ်ထုတိန် အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပြီး ဒေါ်ထုတိန် ၁/မကန(နိုင်)၀၂၀၁၃၂ အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၂၉/၂၊ ရှမ်းစုတောင်ရပ်)၊ ဦးပိုင်အမှတ် (၁၁/၃)၊ မြေဧရိယာ (၀.၀၇၉) ကေရှိ မြေကွက်အား မူလက ဦးလီကြည်မြင့် အမည်ဖြင့် (၇-၁-၂၀၅၃) ရက်ထိမြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၇-၅-၂၀၂၆) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၄၁/၂၀၂၆)အရ ဦးလီကြည်မြင့်ထံမှ ဦးကြည်ဝင်းအမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးကြည်ဝင်း ၁/မညန(ဧည့်)၀၀၀၂၉၆အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁၁/ဇ-ဗျူဟာလမ်းအနောက်)၊ ဦးပိုင်အမှတ်(၁၀၇-က)၊ ဧရိယာ (၀.၁၅၁) ကေ၊ အမှုတွဲအမှတ် ၄၄၁-V/၂၀၁၅-၂၀၁၆(A)၊ ဒေါ်ဒီးစေလု ၁၃/လရန(နိုင်)၀၀၄၃၀၆ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဒေါ်ဒီးစေလု၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မေသက်ထား ၁၃/လရန(နိုင်) ၂၂၁၄၂၄မှ စာချုပ်အမှတ်(၁၅၀၊/၂၀၂၆) ဖြင့် ဦးပိုင်ဖြိုးအောင် ၁၃/လရန(နိုင်)၂၄၄၉၁၆ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးပိုင်ဖြိုးအောင် အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးပိုင်ဖြိုးအောင် ၁၃/လရန(နိုင်)၂၄၄၉၁၆ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/79329 Honda Click-125i M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသောင်းလွင် ၃/ဘအန(နိုင်) ၀၅၆၄၁၅ သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/3002 SOE L/T TON(S-LT 10) Pick up (4x4) Rယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၂/မဂတ(ပြု)၀၀၀၂၇၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1791 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13W/16457 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/13443 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသိန်း ၅/တမန(နိုင်)၀၄၅၃၈၈၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/16457 Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာထွန်း ၉/မဟမ(နိုင်) ၀၁၅၄၅၆ က မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျေးရွာအုပ်စု(ရေစို)၊ ကွင်းအမှတ်-၃၅၃/B ၊ ကွင်းအမည် သူဌေးကုန်းကွင်း၊ ဦးပိုင်အမှတ်(၄/က) ၊ ဧရိယာ (၁.၆၆)ကေ၊ ဦးပိုင်အမှတ်(၄/ဓ)၊ ဧရိယာ(၀.၇၈)ကေ၊ ဦးပိုင်အမှတ်(၅/ခ)၊ ဧရိယာ (၀.၂၄)ကေ၊ ဦးပိုင်အမှတ်(၆/ဆ)၊ ဧရိယာ(၀.၆၂)ကေ၊ ဒေါ်လှသွယ် အမည်ပေါက်လယ်မြေ (၄)ကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစန်းမောင် ၁၄/လမန(နိုင်)၀၆၂၂၀၁ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်မွန်(LL.B)(စဉ်-၁၄၉၁၈) တရားလွှတ်တော်ရှေ့နေ**
**အမှတ်၁၂/မြေညီ၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၁၂၃၈၇၉၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့အမှုသည်မှ “RUN RAT” အမည်အမှတ်တံဆိပ်များဖြင့်“အမျိုးသားဝတ်/ အမျိုးသမီးဝတ်/ကလေးဝတ် အတွင်းခံဘောင်းဘီအမျိုးမျိုး၊ အမျိုးသားဝတ်/အမျိုးသမီးဝတ်/ကလေးဝတ်အမျိုးမျိုး၊အမျိုးသားဝတ်/အမျိုးသမီးဝတ်/ကလေးဝတ် အဝတ်အထည်အမျိုးမျိုး”တို့အား ထုတ်လုပ်/ချုပ်လုပ် ဖြန့်ဖြူးရောင်းချခြင်းတို့ကို အထက်ပါလိပ်စာတွင် ရောင်းချလျက်ရှိပြီး အဆိုပါပစ္စည်းများကို ပလတ်စတစ်ဘူး/စက္ကူဘူးပုံသဏ္ဌာန် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးအစရှိသည့် ပစ္စည်းအမျိုးမျိုးတို့ဖြင့် ထည့်သွင်းပြီးဂျပ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ သေတ္တာ၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းများတွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ လမ်းညွှန်၊ ဗီနိုင်း၊ ကြော်ငြာ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ လိပ်စာကတ်၊ တံဆိပ်တုံး အစရှိသည်တို့ အပေါ်တွင် အရောင် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏အမှုသည်မှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ “RUN RAT” အမည်အမှတ်တံဆိပ်တစ်ခုလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရှေ့နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဖြူအောင်(LL.M) (စဉ်-၉၄ဝ၄) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-(၃၄x၃၅)လမ်းကြား၊ (၆၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-ဝ၉-၂၅၉ဝ၈၁၁ဝ၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၇၅၁၇၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/ 49869 Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းစိန် ၉/ကဆန(နိုင်)ဝ၇၁၅၄၇ က မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် F/6244 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လှ ၁၂/ပဇတ(နိုင်)ဝ၁၆၉၅ဝ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၉၆ဝ၂၅ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ပြည့်စုံလင်း ၅/မရန(နိုင်)၃ဝ၁၁၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃ဝ)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံ ရွာ)မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၃၈၂ဝ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/13284 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီမို့မို့လွင် ၉/ပသက(နိုင်) ၁၂၂၁၁၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/ 3405 Nissan Diesel CV45 BPN Bowser(Fuel) (6x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပေါ်ဦး ၉/ပသက(နိုင်)ဝ၈၇၆၃၁ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/ 21375 Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းချို ၉/မနမ(နိုင်)ဝဝ၈၉၇၈ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 27434 ADIXIN-110ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသူရိန် ၉/မဟမ(နိုင်)ဝ၅၉၄၄၇ က မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/ 68514 Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုး ၉/မခန(နိုင်)၂၁၁၅၅၈ က မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/12478 ယာဉ်လက်ဝယ်ရှိသူ THAI FASHION FOOTWEAR Production Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း(၈၀)၊ (၃၇x၃၈)လမ်းကြားနေ ဦးစိုင်းစိုးညွန့် (ဘ) ဦးကျော်မြင့်(၁၃/တကန(နိုင်)၁၂၈၂၉၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်–

"Mandalay Sun Shine"

စာချုပ်အမှတ်–၈၇၀/၂၀၂၂

အထက်ဖော်ပြပါ "Mandalay Sun Shine" အမည်အမှတ်တံဆိပ်များကို (မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်–၈၇၀/၂၀၂၂ အရ တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့အမှုသည်မှ "Mandalay Sun Shine" အမည်အမှတ်တံဆိပ်များဖြင့် (အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ပါကေးကြမ်းခင်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ ကြွေပြားအမျိုးမျိုး၊ မျက်နှာကျက်အမျိုးမျိုး၊ နံရံကပ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်း အလှဆင်ပစ္စည်းအမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို အထက်ပါလိပ်စာတွင် ရောင်းချလျက်ရှိပြီး အဆိုပါ ပစ္စည်းများကို ပလတ်စတစ်ဘူး/စက္ကူဘူး ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး အစရှိသည့် ပစ္စည်းအမျိုးမျိုး တို့ဖြင့် ထည့်သွင်းပြီးဂျပ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ သေတ္တာ၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုတ်ပိုးပစ္စည်းများတွင် လည်းကောင်း ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ လမ်းညွှန်၊ ဗီနိုင်း၊ ကြော်ငြာ၊ မဂ္ဂဇင်း၊ စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ လိပ်စာကတ်၊ တံဆိပ်တုံး အစရှိ သည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးတို့ကို အသားတံဆိပ် ပြုလုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူး ရောင်းချလျက်ရှိရာ လူအများနှစ်သက်စွာ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏အမှုသည်မှ တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သော အထက်ဖော်ပြပါ "Mandalay Sun Shine" အမည်အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရှေ့နောက်ပြောင်း၍ဖြစ်စေ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ဆင်တူ ယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ တုပသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဖြူအောင်(LL.M)(စဉ်–၉၄၀၄)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း–(၃၄x၃၅)လမ်းကြား၊ (၆၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း–၀၉–၂၅၉၀၈၁၁၀၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀)
## တံတားဦးမြို့နယ်တရားရုံးတော်၌
## ၂၀၂၆–ခုနှစ်၊ တရားမကြီးမှုအမှတ်–၈

| | | |
|---|---|---|
| မခိုင်ခိုင်မြင့် | နှင့် | ကိုဟန်ဇော်သိန်း (ခ)ကိုဟန်သိန်း |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ပြူကန် ကျေးရွာနေ ကိုဟန်ဇော်သိန်း (ခ)ကိုဟန်သိန်း(ဘ)ဦးသိန်းဝင်း၊ ပန်းရံလုပ်ငန်း လုပ်ကိုင်သူ (ယခုနေရပ်လိပ်စာမသိသူ)ကို သိစေရမည်။

သင့်အပေါ် တရားလို မခိုင်ခိုင်မြင့်က "လင်မယားနှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ကိုယ်စားလှယ်ရ၊ အခွင့်ရ၊ အမိန့်ရ၊ ရှေ့နေဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကို ၎င်း၏ ရှေ့နှင့်ပါ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ရက်( ၁၃၈၈ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၎င်းအပြင် သိစေရမည်မှာ အထက်က ဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်/စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာရွက်/စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ပေးလိုက်သည်။

**(အောင်သူဟိန်း)**
**မြို့နယ်တရားသူကြီး**
**တံတားဦးမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ငွေး ၅/စကန(နိုင်)၁၄၄၁၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများ သိစေရန် ကြေညာအပ်ပါသည်–

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးဇာတိုက်နယ်၊ အပ်ချုပ်စုရပ်နေ ဦးရဲမြင့်–ဒေါ်ညွန့်ငွေးတို့၏ သားဖြစ်သူ ကိုဇင်မျိုးထက် ၅/စကန(နိုင်) ၂၁၉၂၂၂ သည် မိဘ၏ဆိုဆုံးမခြင်းကို မနာခံဘဲ မိဘဂုဏ်သိက္ခာ ကျဆင်းအောင်၊ ကိုယ်စိတ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ် ပြုလုပ်နေပါသောကြောင့် ယနေ့(၉–၇–၂၀၂၆)ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ကိုဇင်မျိုးထက်နှင့် သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်မဆို တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးမိုးလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၁၆၈၅/၁၅–၁၂–၂၀၁၆)**
**အမှတ်(၈၄)၊ ဟ–၁၂၊ (ဃ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၆၊ယုဇနရပ်)၊ ဦးပိုင်အမှတ်(၁၄၀)၊ မြေဧရိယာ(၀.၁၁၁)ဧကရှိ မြေကွက်သည် မူလကဒေါ်ထွယ်နန် အမည်ဖြင့် (၂၅–၈–၂၀၅၃) ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ မိခင်ဒေါ်ထွယ်နန်သည် (၁၇–၈–၂၀၂၁)ရက်တွင်လည်းကောင်း၊ ဖခင်ဦးလဒွဲသည် (၁၉–၇–၁၉၈၇)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သွားကြပြီး၊ တစ်ဦးတည်းသောသမီးဒေါ်ခေါန်နူးမှ (၁၄–၁–၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၀၂၇/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တင်ပြထားပြီး (၁၂–၃–၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၀၈၇/၂၀၂၆)အရ ဒေါ်ခေါန်နူးထံမှ ဒေါ်ခေါ်ဂမ်ဆိုင်းခေါန်အမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ခေါ်ဂမ်ဆိုင်းခေါန် ၁/မကန(နိုင်)၀၈၀၀၀၃ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက် ၊ ၆၀x၆၂ လမ်းကြား၊ ၃၈x၃၉လမ်းကြား ရှိ အကွက်အမှတ် (၈၂၂)၊ ဦးပိုင်အမှတ်(၂)အတွင်းရှိ ရွာမြေပေါ်တွင် တည်ဆောက်ထားသည့် အဆောင် (I) မှ တိုက်ခန်းအမှတ်(၂)၊ (၁၈x၄၅)ပေ အကျယ်အဝန်းရှိ မြေညီထပ် အာရ်စီတိုက်ခန်း (၁)ခန်းသည် ဒေါ်အေးအေးဝင်း (ဘ) ဦးလှအေးကြည် (၁၁/သထန(နိုင်) ၂၆၁၇၉၄)နှင့် သက်ဆိုင်သည့် ပစ္စည်းရပ်များ မဟုတ်ပါကြောင်းကို ကျွန်ုပ်တို့၏မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၀x၆၂လမ်းကြား၊၃၈x၃၉လမ်းကြားရှိ အကွက်အမှတ် (၈၂၂)၊ ဦးပိုင်အမှတ် (၂)အတွင်းရှိ ရွာမြေပေါ်တွင် တည်ဆောက်ထားသည့် အဆောင် (I) မှ တိုက်ခန်းအမှတ်(၂)၊ (၁၈x၄၅)ပေ အကျယ်အဝန်းရှိ မြေညီထပ် အာရ်စီတိုက်ခန်း (၁)ခန်းသည် ဒေါ်အေးအေးဝင်း (ဘ) ဦးလှအေးကြည် ၁၁/သထန (နိုင်) ၂၆၁၇၉၄)နှင့် သက်ဆိုင်သည့် ပစ္စည်းရပ်များမဟုတ်ပါကြောင်း၊ ဒေါ်အေးအေးဝင်း အနေဖြင့် အဆိုပါပစ္စည်းရပ်များနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာ မရှိတော့သည့် ပစ္စည်းရပ်များ ဖြစ်ကြောင်းကို ဒေါ်အေးအေးဝင်း နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဒေါ်အေးအေးဝင်း အနေဖြင့် မိမိသည် အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ကြောင်းကို လာရောက်ကန့်ကွက် ဖြေရှင်းဆောင်ရွက်လိုပါက ယခုသတင်းစာ ကြေညာပါသည့် ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်မိုးဟိန်း(စဉ်–၁၅၀၉၄)** | **ဒေါ်မြတ်အိဖြူ(စဉ်–၁၁၄၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**၃၆လမ်းနှင့် ၈၇လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း–၀၉–၇၈၉၅၃၉၂၃၊ ၀၉–၇၉၇၁၀၀၉၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး( ၈ )၊ ကွင်း/အကွက်အမှတ်(၁၀/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၅+၁၁၆)၊ မြေဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲနံပါတ် (၀၅၆၆/၁၉၉၄–၁၉၉၅)အရ ဦးအိုက်ဟော်အမည်ဖြင့် မြေငှားဂရန်ရရှိ ထားသော မြေကွက်ဖြစ် ပါသည်။ အဆိုပါ မြေကွက်အား လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဒေါ်နွယ်နီအေးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတချို့ တစ်ဝက်ပေးချေထားပြီး ဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသော သက်သေခံစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံတွင်ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်၏မိတ်ဆွေသည် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဝင်းဇော် (ဘ) ဦးယန်ဆင်းလင့်** | **ဒေါ်ခင်ခင်နိုင် (LL.B) (စဉ်–၁၂၉၈၇)** |
| **၁၃/နမတ(နိုင်)၀၂၉၇၉၅** | **တရားလွှတ်တော်ရှေ့နေ** |
| **စွယ်တော်လမ်း၊ ရပ်ကွက်ကြီး(၈)၊** | **ကားကြီးကွင်း တိုက်တန်း၊** |
| **ပြင်ဦးလွင်မြို့** | **အမှတ်(A10–ခ၊ ဂ)၊** |
| | **ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့** |
| | **ဖုန်း – ၀၉–၇၉၉၁၀၁၃၁၆၊** |
| | **၀၉–၆၈၄၀၀၆၁၆၁** |

## အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ–၄၇+ပပ–၄၈)၊ ဦးပိုင် အမှတ် (ပပ–၄၈/၁)+ (ပပ–၄၇/ခ)၊ ဧရိယာ(၆. ၁၅၃၂)ဧက အကျယ်အဝန်းရှိ အားသစ်မာန်ကုမ္ပဏီ အမည်ပေါက် ဂရန်မြေကွက်အား အားသစ်မာန်ကုမ္ပဏီ၏ ဒါရိုက်တာ ဦးအောင်ကျော်ထွေး (ဘ) ဦးရွှေပန်း ၁၃/လရန(နိုင်) ၁၁၂၄၇၀မှ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းအရှေ့ရပ်ကွက်၊ ၃၂လမ်း၊ ၈၄x၈၅လမ်းကြားနေ ဦးသက်နိုင်ထွန်း (ဘ) ဦးအောင်ကျော်ဆွေ ၈/ခမန(နိုင်)၁၅၈၇၈၀ အား မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၂၅–၅– ၂၀၂၀)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၉၄/၂၀၂၀) ဖြင့် ရုံးဌာနအသီးသီးတွင်ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါ လွှဲအပ်ထားသော ကိစ္စရပ်များအတွက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် ပြန်လည်ဖျက်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုသူ များရှိပါက (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်သူ–** | **လွှဲအပ်ချက်အရ–** |
| **အားသစ်မာန်ကုမ္ပဏီလီမိတက်၏** | **ဒေါ်ခိုင်ရတနာစု** |
| **ဒါရိုက်တာ ဦးအောင်ကျော်ထွေး(ဘ)** | **(LL.B(Q), D.B.L, D.I.L, D.P.S)** |
| **ဦးရွှေပန်း ၁၃/လရန(နိုင်)၁၁၂၄၇၀** | **တရားလွှတ်တော်ရှေ့နေ** |
| | **"အားသစ်မာန်"ကုမ္ပဏီလီမိတက်** |
| | **အမှတ်(E–1 to E–10)၊ ၁၀၇လမ်း၊** |
| | **၆၄လမ်းနှင့် ၆၅လမ်းကြား၊** |
| | **ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့** |
| | **ဖုန်း–၀၉–၇၉၃၉၂၁၄၆၈** |

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA–2 ကိုယ်ပိုင် အထက်တန်းကျောင်း Grade–6 မှ မောင်နှိုင်းထက်အောင် နှင့် Grade–2 မှ မတွယ်တာလင်းလက် တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်တူး ၉/ပသက(နိုင်) ၀၉၆၁၈၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ တွတ်ပလွတ် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၆၀)၊ သင်္ဘောအိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၀၄၆)ဧကရှိ မြေအား တွတ်ပလွတ်ကျေးလက်ကျန်းမာရေးဌာနခွဲ အသုံးပြုရန်အတွက် မြေလွှဲလျှောက်ထားလိုပါသဖြင့် တွတ်ပလွတ်ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုယ်စား ဒေါ်ခင်အုန်းမြင့် မှ မြေပေးမိန့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၁)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၅၈၂/ ၂၁၀၉–ပျော်ဘွယ်ရွာမ၊ ဦးပိုင်အမှတ် ၁၅/၇၊ မြေကွက်အမှတ် ၈၂/၅၄၆၊ မြေဧရိယာ ၀.၀၄၀ဧကရှိ မြေကွက်သည် မြို့မြေ အတွင်းပါဝင်ပြီး ဦးဝင်းအောင်–ဒေါ်တင်နွယ် အမည်ဖြင့် ၃(ခ)ရရှိထားပါသည်။ ၎င်းတို့မှ ဦးကိုကိုအောင်၊ ဒေါ်အေးအေးအောင်စသည့် သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ဦးဝင်းအောင်သည် ၂၀–၈–၂၀၂၅ရက်တွင် လည်းကောင်း၊ ဒေါ်တင်နွယ်သည် ၂၅–၇–၂၀၁၅ရက်တွင်လည်းကောင်း၊ ဦးကိုကိုအောင်သည် လူပျိုဘဝဖြင့် ၁၀–၆–၂၀၀၄ရက်တွင် လည်းကောင်း ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။ ဒေါ်အေးအေးအောင်မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုပြီး မြေငှားဂရန်အသစ်လျှောက်ထား လာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါ သည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၇၄၆၀၅ ယာဉ်လက်ဝယ် ရှိသူ ဦးနိုင်မောင်သိန်း ၃/ကကရ(နိုင်)၁၃၉၂၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၆၂၉၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၃/ကဆက(နိုင်)၀၇၂၅၈၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၅၉၄၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်း ၁၀/ခဆန(နိုင်)၀၆၈၉၀၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/43537 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းငွေး ၉/မခန(နိုင်) ၂၃၁၁၀၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁နှင့်၅)
## ကမာရွတ်ခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

| | | |
|---|---|---|
| ဒေါ်ရန်ပွေးဟွာ(ခ) | နှင့် | ၁။ ဦးအောင်ဖြိုးဦး |
| ဒေါ်ဝါဝါဝင်း | | ၂။ Proven International Co;Ltd |
| | | (၎င်း၏ ကိုယ်စား ဒေါ်သိမ့်သိမ့်ထွန်း) |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၁၆) ရပ်ကွက်၊ အလောင်းဘုရားလမ်း ၊ အမှတ် (၂၃၄) နေ ဦးအောင်ဖြိုးဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ချေးငွေ (၁၀၀,၀၀၀,၀၀၀ိ/-) သိန်းတစ်ထောင်ကျပ် ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်) မွန်းမတည့်မီ(၁၀:၃၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးသိမ့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ကမာရွတ်ခရိုင် တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) Grade–4(A) မှ မခင်မြတ်သာ၏ ဖခင်အမည်မှန်မှာ ဦးချစ်မင်းသူ ၅/အရတ(နိုင်) ၁၃၇၇၅၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကော်တုံကျေးရွာ (ဘ) ဦးစိုးမြင့်၏သား ဦးတင်လှ (ခ) ဦးနိုင်ဝင်း ၈/ဆဖန(နိုင်) ၀၄၆၉၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်လှ(ခ)ဦးနိုင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/94456 Zhong Shen–110 ယာဉ်လက်ဝယ် ရှိသူ ဦးရဲရင့်ထူး ၉/မဟမ(နိုင်) ၀၆၇၀၀၀ က မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/22281 YAMAHA FZ–150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်ထူး ၉/မဟမ(နိုင်) ၀၆၇၀၀၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၅)၊ မြေနန်းကွင်း၊ မြေကွက်အမှတ်(၉၃)၊ မြေဧရိယာ (၀.၁၂၆)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးဖြိုးအောင်မင်း ၉/ကပတ(နိုင်)၁၄၈၀၇၅ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု စာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၄

ဒေါ်အိဖြိုးဦး — နှင့် — ဦးဇော်ထွန်းဦး
တရားလို — တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၁၁/၇နေ ဦးဇော်ထွန်းဦး(ယခုနေရပ်လိပ်စာ မသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁/၂၀၂၄ ခုနှစ် အမှုတွင် (၂၆-၈-၂၀၂၄)ရက်က ဆုံးဖြတ်ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီအား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ရက်) မွန်းတည့် (၁၂:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်နိုင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၃)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ခင်စပယ်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ (၀.၂၂၀)ဧကရှိမြေကွက်အား မြေငှား ဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ယမင်းဆုညီ ၅/ဟမလ(နိုင်)၀၄၀၈၀၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၄(ကြာနီကန်)၊ ဦးပိုင်အမှတ် ၉၉၊ မြို့မြေအမျိုးအစား မြေချိန်ဧရိယာ (၀.၁၈၀) ဧကရှိသောဘိုးဘပိုင်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၈/၂၀၂၆ ဖြင့် ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဒေါ်ခင်သူဇာမောင်၊ ဒေါ်စိုးစန္ဒာမောင်တို့မှ မိမိ၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁) လအတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ဝက်ဝံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၆၉၅/ဝက်ဝံတောင်)၊ ဦးပိုင်အမှတ်(၆/၂)၊ မြေကွက်အမှတ်(၃၀)၊မြေဧရိယာ (၄.၈၅)ဧကရှိမြေကွက်အား မြေငှားဂရန်(စက်မှု/စီးပွား)လျှောက်ထားနိုင်ရေး ဦးမောင်မောင်လွင် ၇/မလန(နိုင်)၀၆၄၄၁၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အကွက်အမှတ် (RA-V) ကွက်ပြင် (၅)၊ ဦးပိုင်အမှတ်(၂-ဃ)၊ မြေဧရိယာ (၀.၈၇)ဧကရှိ မြေယာနှင့်တကွ ၎င်းမြေယာပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလက ပြင်ဦးလွင်ခရိုင်ရုံး မြေငှားဂရန် အမှုတွဲအမှတ် (၀၃၄/၂၀၂၄-၂၀၂၅) နှင့် ဂရန်စာချုပ်နံပါတ် (၈၁၃/၂၀၂၄-၂၀၂၅) တို့အရ ဦးမျိုးချစ် (၉/မခန(နိုင်) ၀၂၇၀၃၄) မှ တရားဝင် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ နောက်ဆုံးဝယ်ယူ ပိုင်ဆိုင်ထားသူဟု အဆိုရှိသူ ဦးဇော်မင်းလတ် (၉/မမန(နိုင်)၀၇၇၂၉၉)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသည့်အလျောက် ရောင်းကြေးငွေများအပေါ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေယာအကျိုးခံစားခွင့်များနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ အစပြု၍ (၁၀) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးတင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၉၁)**
**အမှတ် (AA-166)၊ မြနန္ဒာရပ်၊ လမ်းသွယ်(၈)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၆၆၅၀**

## မိခင်အမည်မှန်

လယ်ဝေးမြို့၊ အလက(ခွဲ)မြို့မ၊ Grade-9(B)မှ မသက်ဟေကို၏ မိခင် အမည်မှန်မှာ ဒေါ်လှဲ့လှဲ့ဝင်း ၉/လဝန(နိုင်)၃၄၂၁၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျိုက်မရောမြို့၊ အထက-ကျိုက်မရောကျောင်း Grade-6 တန်းမှ မနှင်းဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးဖြူဖြူ ၆/သရခ(နိုင်)၀၉၈၀၇၅ ဖြစ်ပါကြောင်း။

**ဦးဖြူဖြူ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်(RA-I/ကွက်ပြင်-၁)၊ ဦးပိုင်အမှတ်(၆၄)၊ မြေဧရိယာ (၀.၀၅၈) ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေးဒေါ်သီတာဦးမှဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအ ထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင်းမော်မော် (၉/မရမ(နိုင်)၀၅၇၉၆၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ညံညင်းသာကျေးရွာ၊ ဦးပိုင်အမှတ် (N- 40) မြေဧရိယာ (၁၈.၂၅)ဧက အကျယ်ရှိ အရှေ့လားသော်-မိုးထိအောင်စည်တောရကျောင်းစည်းအစပ်၊ အနောက်လားသော်-ဦးမြတ်နွယ်စည်းအစပ်၊ တောင်လားသော်-အများသွားလမ်းအစပ်၊ မြောက်လားသော်-ဦးမြတ်နွယ်စည်းအစပ် နယ်လေးရပ်တွင်းရှိ မြေကွက်အား ဦးအောင်ထွေးမြင့်မှ လက်ရှိပိုင်ဆိုင်ထားပြီး ၎င်းထံတွင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမော်မော်မှ ဝယ်ယူရန်သဘောတူညီခဲ့သဖြင့် စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ မြေကွက်ရောင်းချခြင်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ရောင်းချသည့်မြေကွက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူမည့်သူဒေါ်ဝင်းမော်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၁)**
**နွယ်နင်းရပ်၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၇၉၇၆၁၃၇၁၀၊ ၀၉-၉၆၀၇၉၀၇၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇-ဘီ)၊ ရတနာအိမ်ရာ၊ မြေကွက်အမှတ်(၂)၊ ဧရိယာ(၀.၂၅၉)ဧက၊(၁၃၀'/၉၄' x ၁၀၃'/၁၀၁'))အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁)နှင့် ကပ်လျက်ဘက်အခြမ်း(၄၀'x၁၀၁')အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် ကို ဒေါ်အေးသိန်း(၁၁/စတန(နိုင်)၀၃၃၅၂၇)အမည်ပေါက်ကိုယ်တိုင်မှ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း (LL.B, D.I.L, WIPO (Switzerland)) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5674 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၂)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ခင်စပယ်မှဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(BB/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၅၇)၊ မြေဧရိယာ (၀.၀၈၃)ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်သောင်းသောင်းဟန် ၁/ဗမန(နိုင်)၀၅၈၆၃၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5655 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/42660 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုး ၉/မကန(နိုင်)၀၀၇၈၁၅ က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ဝေပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/11835 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသန်းနွယ် ၉/ကပတ(နိုင်)၀၀၈၆၄၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ Grade-12 မှ မောင်ထက်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း ၁၀/မလမ(နိုင်)၀၆၇၈၄၉ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဝင်း**

## ဖခင်အမည်မှန်

ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ၊ ကော့စွယ်ရပ်ကွက်၊ မဇူလိုင်အေး၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၀/ရမန(နိုင်)၀၅၁၉၀၀ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၉၅၊ ဦးပိုင်အမှတ် ၄-၀/၃၈လမ်း၊ ၇၂x၇၃ လမ်းကြားရှိ ဦးမောင်ကြီးအမည်ပေါက် ဘိုးဘမြေကွက်အားအမွေဆက်ခံစာချုပ်အမှတ်(၄၀၄၈/၂၀၁၂)ဖြင့် ဦးဘကြည်ပါ-၅ ဦးက ပိုင်ဆိုင်ခဲ့ပြီး ဦးဘကြည်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၄၀၅၀/၂၀၁၂)ဖြင့် ပိုင်ဆိုင်ခဲ့ကြသူဦးတင်မောင်အေး ၉/မရတ(နိုင်)၀၇၄၀၇၃၊ ဦးခင်မောင်အေး ၉/မရတ(နိုင်)၀၇၄၈၇၉၊ ဦးဝင်းနိုင်(ခ)အောင်ဝင်း ၉/မရတ(နိုင်)၀၇၀၀၄၃၊ ဦးဝင်းခိုင် ၉/မရတ(နိုင်)၀၀၀၅၂၆ တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးငြိမ်းခန့်ဇော် ၉/ခမစ(နိုင်)၀၆၄၉၇၁ ကအမည်ပေါက်မြေပုံ၊ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၃၊ ဦးပိုင်အမှတ် (၂၀-က)၊ ၃၃x၃၄ လမ်းကြား၊ ၇၃x၇၄လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျော်မင်းဆန်း ၁၃/ကမန(နိုင်)၀၅၇၂၄၁၊ ဒေါ်ခွန်ဇာဦး ၅/မရန(နိုင်)၀၀၉၄၇၀ တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် ၇၂၂၊ ဦးပိုင်အမှတ် ၃၇(က)၊ ၂၇လမ်း၊ ၇၄x၇၅လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးမြင့်သိန်း ၅/ဝလန(နိုင်)၀၀၀၄၅၈ က အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅-S)၊ ဦးပိုင်အမှတ် ၁၀-ဈ၊ ၁၂လမ်းမျက်နှာပြု၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးဌေးအောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၉၇၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီး ဒေါ်နန်းငွေရင် ၁၃/လရန(နိုင်)၀၃၈၉၈၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၁၈၄၁၇ Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှ ၉/ပမန(နိုင်)၀၃၀၂၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/85502 New Aibo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးမြင့် ၁၃/လရခ(နိုင်)၀၃၉၇၉၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အကွက်အမှတ် (၁၈/ရှမ်းစု)၊ ဦးပိုင် (၇၁)၊ ဧရိယာ (၀.၁၂၄) ဧက၊ နှစ်(၃၀)အငှားဂရန်အမှတ် - (ငါး)၄၁၁/၂၀၂၄-၂၀၂၅ မြေကွက်နှင့် အမှတ်(၃/အေ)၊ ဖါရစီလမ်း၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်ဟု ခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို အမည်ပေါက်ဖြစ်သူ ဒေါ်ရီရီစိုး (၁၀/မလမ(နိုင်)၁၅၈၆၁၁)မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိသန်း (၁၀/မလမ(နိုင်)၁၇၃၁၃၅) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မျိုးမျိုးထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၂၂)**
**အမှတ် (၁၄)၊ မန္တလေးလမ်း၊မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၂၅၂၈၂၅၇၈၉**

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



တရားခံ ထက်အောင်နိုင်(ခ)ကိုထက်၊ နှင်းအိဖြူ(ခ)အိဖြူ(ခ)အငယ်မ၊ မေသဇင်မိုး(ခ)ထူကြီး၊ ရဲလင်း၊ စိုးမိုးနိုင်နှင့် ခင်မောင်ဦး(ခ)ဖက်တီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ကလေးမြို့၌ ငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ခုနစ်သိန်းဖမ်းဆီးရမိ၍ တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် နံနက် ၅ နာရီတွင် ကလေးမြို့၊ ပင်လုံရပ်ကွက်နေ ထက်အောင်နိုင်(ခ) ကိုထက် (၃၆) နှစ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၁၀ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ✪

## ၃၃ ကေဗွီ ဇေယျာဝတီဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ယာယီဓာတ်အား ပြတ်တောက်မည်

**နေပြည်တော် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၊ ဇေယျာဝတီမြို့၊ ကျွဲပွဲမြို့၊ အမြန်လမ်း (၁၁၅) မိုင် EV Charging Station များကို စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ တောင်ငူ (ဟင်းငုတ်ပင်) ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ ဇေယျာဝတီဓာတ်အားလိုင်းနှင့် နီးကပ်လျက်ရှိသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းကြိုးခိုင်ကောင်းမွန်စေရန် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်နေစဉ် ၃၃ ကေဗွီ ဇေယျာဝတီ ဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူး ပေးထားသော ဖြူးမြို့၊ ဇေယျာဝတီမြို့၊ ကျွဲပွဲမြို့၊ အမြန်လမ်း (၁၁၅) မိုင် EV Charging Station များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ရေယာအတွင်းရှိ ဌာနဆိုင်ရာများနှင့် EV Charging Station များကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### ယနေ့ မိုးလေဝသ (၁၄-၇-၂၀၂၆)

| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |



## မအူပင်မြို့၌ သဘာဝဘေးကာကွယ်ရေးလေ့ကျင့်

**မအူပင် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက မင်းရောတံတားအနီး၌ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ၊ တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှု ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများအား သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ (ဝဲပုံ)

*စာမျက်နှာ ၁၅ ကော်လံ ၅* ❐



## ဆင်းနားက ဇဗဲရက်ဗ်ကို အနိုင်ယူပြီး ဝင်ဘယ်ဒန်ဖလားကို နှစ်ကြိမ်ဆက်ဆွတ်ခူး

အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားသည် ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ဂျာမနီထိပ်တန်းတင်းနစ်ကစားသမား အလက်ဇန္ဒြား ဇဗဲရက်ဗ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၇ (၇-၉)၊ ၇-၆ (၇-၂)၊ ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ငါးကြိမ်မြောက် ဂရင်းဆလမ်းဆုဖလားကို ဆွတ်ခူးသိမ်းပိုက်နိုင်ခဲ့သည်။

ဆင်းနားသည် ဇဗဲရက်ဗ်ကို အနိုင်ရရှိရန် အချိန် ၃ နာရီနှင့် ၄၆ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည်။ ဆင်းနားသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီးဆားဘီးယားထိပ်တန်းတင်းနစ် အကျော်အမော် နိုဗက်ခ် ဂျိုကိုဗစ်ကို ၆-၄၊ ၆-၄၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲ တက်လှမ်းလာသူဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း ဇဗဲရက်ဗ်ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ဝင်ဘယ်ဒန်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။


**အောင်ဇော်**

## မုတ်သုံလေ အားကောင်းနေခြင်းကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ၂၀-၇-၂၀၂၆ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**



## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စန္ဒကူးမြိုင်ရိပ်သာ ကျောင်းတိုက်ဆရာတော်အား သတ်ဖြတ်၍ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ငါးသိန်း လုယက်ယူဆောင်သူ တရားခံ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် (၂)ရပ်ကွက်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း၌ သီတင်းသုံးလျက်ရှိသည့် စန္ဒကူးမြိုင် ရိပ်သာကျောင်းတိုက်ဆရာတော်အားသတ်ဖြတ်၍ လက်ကိုင်ဖုန်းနှစ်လုံးနှင့်ငွေကျပ်ငါးသိန်း လုယက်ယူဆောင်သူ တရားခံ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် (၂)ရပ်ကွက်ရှိ စန္ဒကူးမြိုင်ရိပ်သာ ကျောင်းတိုက်အတွင်း၌ သီတင်းသုံးလျက်ရှိသည့်

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖